ကမ္ဘာ့မှူစာမူချိုးမြေရေးပညာ



# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၈

mgyoe.com



# ပီ-မိုးနှင်း

## ပဏ္ဍုပဒေသာအမှတ်-၈

mgyoe.com
mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့် လိုရင်းကို
ထိထိမိမိရေးနိုင်သော ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာမှတ်သား ခံစားဖွယ်
ဝတ္ထုတိုများအား အတွဲများခွဲ၍ ထုတ်ဝေလာရာ
ယခုအတွဲအမှတ် - ၈ - သို့ ရောက်ပါပြီ။
စိတ်ကူးချိုချိုတွင် စုစည်းပြီး ပီမိုးနင်းဝတ္ထုတိုပေါင်း ၁၆၀
ကျော်ရှိနေပြီဖြစ်၍ အတွဲပေါင်း ၁၃ တွဲခန့်ထွက်ရှိလာရန်ရှိပြီး
တစ်စုတည်း သိမ်းဆည်းဖတ်ရှုလိုသူများအတွက်လည်း
မကြာမီ ပီမိုးနင်းဝတ္ထုတိုပေါင်းချုပ်ကြီး ထူထူထဲထဲ
ထွက်ရှိလာတော့မည်ဖြစ်ပါကြောင်း။

ပီ-မိုးနင်း ဝတ္ထုပဒေသာအမှတ်-၈

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၉၆၁၀၉ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၈၀၅၁၀ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို **Ag Kyaw** ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၈၉၅ ・ ၈၃
ပီမိုးနင်း
ဝတ္ထုပဒေသာအမှတ် - ၈ / ပီမိုးနင်း ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။
စာမျက်နှာ ၂၁၉ မျက်နှာ၊ ၁၂・၅ စင်တီ× ၁၇・၅ စင်တီ
(၁) ဝတ္ထုပဒေသာအမှတ် - ၈

mgyoe.com

mgyoe.com

# မာတိကာ

၁။ ဖိုးသစ်၏ အကြံ ၁
၂။ မရှိးခေတ်ပုံကြောင့် ၉
၃။ တုနိုင်ပေါင် ၁၈
၄။ သစ်ပင်ပေါ်က ယောကျ်ား ၃၄
၅။ ကျွန်တော့်မိန်းမကိုပြောပေးပါ ၅၂
၆။ သူ့ကုသိုလ်ကံ ၆၁
၇။ စောမောင်မယ် ၇၄
၈။ ဟော့ဖေဖေ ၈၄
၉။ တစ်ခုလပ် ၁၀၅
၁၀။ ဣတိပိသော ၁၃၅
၁၁။ စစ်တုရင်သမားကြီး ၁၅၈
၁၂။ ပျံလွှားမ ၁၇၈
၁၃။ ပန်းထဘီ ၁၉၉

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဖိုးသစ်၏ အကြံ

"ဟော့ ဖိုးသစ်၊ မင်းဟာဘာမှအသုံးကျတဲ့ အကောင်မဟုတ်ဘူး။ လူပိုဆန်ကုန်မြေလေး။ စာရေးယောင်ယောင်၊ ခွေးယောင်ယောင်၊ သတင်းစာကလေးဖတ်ကာ မဂ္ဂဇင်းကလေးလှန်ကာ မင်းတစ်လကြာလို့ ပိုက်ဆံခြောက်ပြား ဝင်အောင်လုပ်နိုင်တာမဟုတ်ဘူး။ မင်းလာမရှုပ်နဲ့ တော်ရာသွား စားချိန်တန်တော့ထမင်းအိုးကို ယောက်မနဲ့ခေါက်ပြီး ခေါ်လိုက်မယ်။ သည်အလုပ်ဟာ မင်းနဲ့ဘာမှမဆိုင်ဘူး။ မင်းအရာမဟုတ်ဘူး။ မင်းနားလည်တာမဟုတ်ဘူး"ဟု ပြောကာ အစ်ကိုဖြစ်သူ ဖိုးနှစ်က ဖိုးသစ်ကို မောင်းနှင်လေ၏။

ဖိုးသစ်သည်ကား မကြားဟန်ဆောင်လျက် ဂရုမစိုက်ဘဲ ဖန်လက်ကောက်များကိုကိုင်၍ ကြည့်ရာမှ လက်ကောက်တစ်ကွင်းကို လက်နှင့်ဖျစ်လိုက်ရာ ကျိုး၍သွားလေ၏။

နှစ်။ ။"ဟော့ မင်းသွားဆိုမသွားဘူးလား။ ဒါမင်းအမေ့လင့်ပစ္စည်းမဟုတ်ဘူး။ မှားပို့လိုက်တာတွေ အကုန်ပြန်ပို့ရမှာ။ မှာလိုက်တာက လိပ်ခွန်ဘီး။ ပို့လိုက်ထာက ဖန်လက်ကောက်။ သွားကွယ် လူများစိတ်ညစ်နေရတဲ့အထဲမှာ"ဟု ပြောကာ ဖိုးသစ်ကိုတွန်းလိုက်လေ၏။

ဖိုးသစ်သည် မတ်တတ်မှလဲပြီး ဖုတ်ဖက်ခါထလေ၏။

mgyoe.com

mgyoe.com

"တစ်ကွင်းတစ်လေကျိုးလို့ မင်းတို့ကျွန်ဖြစ်သွားမှာလား။ ဒီကုလားကြီးက ဘာလို့တလွဲကို ပို့ရသလဲ။ ဒီဖန်လက်ကောက် အထိမခံတွေကို ဘယ်သူက ဝယ်ဝတ်မှာလဲ" ဟု ဖိုးသစ်ကပြောပြီး၊ မဂ္ဂဇင်းစာအုပ်ဟောင်းကို လက်၌လိပ်ကိုင်ရင်း ရှောင်ခွာ၍ သွားလေ၏။

ဖိုးသစ်မှာ အလုပ်လုပ်သူမဟုတ်ပေ။ အစ်ကိုဖိုးနှစ်မှာ အဒေါ်ဖြစ်သူ ဒေါ်သူစာနှင့် တောကကုန်များကို မြို့သို့တင်၊ မြို့ကကုန်များကို တောသို့ချ အထက်ကုန် အောက်ကုန်များကို သွားလာကူးသန်းရောင်းဝယ် လုပ်ကိုင်လေ၏။

ဖိုးသစ်မှာကား အဘယ်အလုပ်ကိုမျှ ဂရုမစိုက်၊ အပြောအဆိုခံရလျှင်လည်း မလေးစား၊ အဘယ်အခါမှ ဒေါသမထွက် ပြောမနာဆိုမနာ စပ်ဖြည်းဖြည်းနှင့် တစ်ပတ်နွမ်း ထားဝယ်လုံခြည်တစ်ထည်နှင့် စွယ်ကျယ်အင်္ကျီလက်တိုဖြူဖြူကလေးကို ဝတ်လျက်၊ နံနက်စာညစာကို ဝဝစားရလျှင် ကျေနပ်သူဖြစ်လေသည်။

သို့ဖြစ်လေရာ၊ ဖိုးနှစ်နှင့် အဒေါ်ဖြစ်သူ၏စိတ်၌ သာလွန်မခံချည့်ဖွယ်ရာ ဖြစ်သာအချက်သည်ကား အခြားမဟုတ်၊ အမြဲအားဖြင့် နံနက်စာညစာမှာ ဖိုးသစ်စား၍မကောင်းသောအခါဟူ၍မရှိ။ စားသည့်အခါ **ဆောင့်ကြောင့်ထိုင်လျက် နဖူးချွေး နှုတ်ခမ်းချွေးတွေစီးယိုလျက် မြိန်ရှက်စွာစားနိုင်**ခြင်းဖြစ်လေ၏။

သို့စားနိုင်သည်မှာ အခြားကြောင့်မဟုတ် နံနက်စာနှင့်ညစာမှတပါး လက်ဖက်ရည်အကြမ်းအပြင် အဘယ်အစာ အဘယ်သရေစာမျိုး ကိုမျှ မစား။ စားနိုင်ဖို့ရန် ပိုက်ဆံငွေကြေးလည်းမရှိ၊ သို့ဖြစ်လေရာ အမြဲအားဖြင့် ဆာလောင်သောကြောင့် နံနက်စာနှင့်ညစာမှာ လွန်စွာစားနိုင်သော အရည်အချင်းပြည့်စုံသူဖြစ်လေ၏။

သို့စားနိုင်ခြင်းကြောင့် ကျန်းမာလျက် ရောဂါဥပဒ်ဟူ၍မကပ်မညိုး၊ ဖိုးသစ်မှာ ဦးခေါင်းမျှခဲသည်ဟု မကြားရ။ သို့ဖြစ်လေရာ "အသုံးမကျတဲ့ အကောင်များတော့ သေဖို့မဆိုထားနဲ့ နာတောင်မှမနာဘူး" ဟု အဒေါ်ဖြစ်

mgyoe.com

mgyoe.com

သူနှင့် အစ်ကိုဖြစ်သူက အခါခါပြောကြလေ၏။

ဖိုးသစ်မှာကား ဂရုမစိုက်၊ လူရည်သွေးသန့်သန့် သနားကမား ချော ချောမောမောတွေ့ရာမှာ အူတကြုပ်ကြုပ်ဆာသော်လည်း အရယ်အမော မပျက် တသောသောရယ်စရာ ဘလရှတ်တများကို ပြောဆိုခါနေလေ့ရှိသောကြောင့်၊ လက်ဖက်ရည်အကြမ်းကို မည်သည့်အိမ်ကမဆို ၎င်းအား သဒ္ဓါကြည်ဖြူစွာတိုက်၏။ တစ်ခါတစ်ရံပရာတာကို မင်းဒင်တို့အိမ်၌ တနင်္ဂနွေနေ့ကြုံသဖြင့်၊ ကိုမင်းဒင်နှင့်တွေ့ရသောကြောင့် သံပုရာရည်ဆမ်းငါးပိဖုတ်လေးများကို အကူအညီရတတ်လေ၏။

အဒေါ်နှင့်အစ်ကို၏ထမင်းမှတစ်ပါး မည်သည့်အိမ်မှာမျှ တစ်လုပ်တစ်ဆုပ်ဝင်၍ တုတ်လေ့မရှိသောကြောင့် အဒေါ်နှင့် အစ်ကိုဖြစ်သူများမှ တပါး ဖိုးသစ်ကို တစ်ရပ်လုံးချစ်ခင်ကြလေ၏။ မည်သူ့ထံမှာမျှ ငွေကြေး တစ်ပြားတစ်ချပ်ချေးလေ့မရှိပေ။

ထိုနေ့၌ကား အဘယ်အခါကမျှ စိတ်မညစ်ဖူးသော ဖိုးသစ်မှာ အတော်အတန် စိတ်ညစ်သလိုလိုဖြစ်ရလေ၏။ အကြောင်းကား အဒေါ်နှင့် အစ်ကို၏အလုပ်များမှာ အပေါက်အလုမ်း ကောင်းစွာမတည့်ရုံမက လိပ်ခွန်ဘီးမှစ၍ အခြားပစ္စည်းများကို ရန်ကုန်မြို့မှ မှာယူရာမှားယွင်း၍ ဖန်လက်ကောက်တစ်ရာကျော်ဖိုးခန့် ရောက်၍နေသောကြောင့်တည်း။

ထိုအခါ ၎င်းအရပ်၌ ဖန်လက်ကောက်ကို မမြင်ဖူးကြပေ။ မည်သူ့ကမှလည်း ဝယ်၍ဝတ်မည်မဟုတ်၊ မြန်မာလူမျိုး အထူးသဖြင့် မြို့ငယ်ရပ်ငယ်များမှာ အဆန်းအသစ်ကို လွယ်ကူစွာသုံးလေ့မရှိ၊ မြင်သမျှ လူတိုင်းမိန်းမတိုင်းက "ဟင်၊ ဘာတွေပါလိမ့် မစပ်မဟပ် ဖန်ကိုလက်ကောက်လုပ်တယ်လို့ ဝတ်ရင်ရှူးတယ်ဆိုကြမှာပေါ့"ဟူသော စကားမျိုးကိုလည်းကောင်း "အဝတ်တစ်ခါလျှော် တစ်ချက်ဆောင့်ရင် ကျိုးပဲ့ကုန်မှာပေါ့"ဟူ၍လည်းကောင်း "ညဥ့်အိပ်ရင်ဖိမိပြီး ကျိုးကုန်မှာပေါ့"ဟူ၍ လည်းကောင်း ပြောကြလေ၏။

ဖိုးသစ်မှာ ထမင်းအိုးပျောက်တော့မလိုဖြစ်၍နေလေ၏။ အဒေါ်နှင့်

mgyoe.com

mgyoe.com

အစ်ကိုမှာ စိတ်ညစ်သဖြင့် ခေါင်ချာလည်၍နေကြလေ၏။ "ထိုပစ္စည်းများကို ပြန်ပို့ရင် ယူပါ့မလား။ ကျိုးတာပဲ့တာတွေအတွက် အဘယ်လောက်လျော်မလဲ။ ပြန်ပို့ရရင် စရိတ်အများကြီး ကုန်ချေရဲ့" စသည်ဖြင့် ပြောဆိုတိုင်ပင်ညည်းညူ၍ နေကြလေ၏။ အလိုက်သိစွာ မိမိကိုယ်တိုင် ထမင်းချက်ချင်သော်လည်း ဆန်အိုး၌ဆန်ကို မတွေ့ရ။ ဆန်ဝယ်ဖိုး ပြောရမည့်အရေးမှာပင် ၎င်းတို့၏မျက်နှာများမှာ မြင့်မိုရ်တောင်ကိုကျော်ရဖို့ အရေးမက ကြောက်မက်ဖွယ်ကောင်း၍ နေလေ၏။

ဖိုးသစ်သည် တိတ်တိတ်ပုန်း ခိုးဝှက်ယူလေ့မရှိ။ ဤရိုးသားသောဂုဏ် ရန်သူမရှိသောဂုဏ် သဘောကောင်းသောဂုဏ်များကြောင့် ၎င်းအားအစ်ကိုနှင့်အဒေါ်ဖြစ်သူက အမိုက်အရူးပမာ သဘောထားကာ သည်းခံ၍ထားကြခြင်းဖြစ်လေ၏။

ထိုနေ့၌ကား အခါတိုင်းထက်ပို၍ ဆာ၏။ ထမင်းစားချိန်၌ စားရလမ်းမမြင်သည့်အခါ ပိုမို၍ဆာတတ်သော ဝမ်းဗိုက်တို့၏ သဘာဝအတိုင်း အခါတိုင်းထက်ပို၍ဆာလေ၏။ ထိုအခါနံနက် မွန်းတည့်အချိန်ခန့်ဖြစ်လေ၏။

အဒေါ်ဖြစ်သူနှင့် အစ်ကိုဖြစ်သူမှာ အဘယ်ကိုသွားသည်မသိရ။ ၎င်းအား ကြိမ်းမောင်းဆူပူပြီးနောက် မကြာမီမှာပင် တစ်ယောက်က အရှေ့ဘက် တစ်ယောက်ကအနောက်ဘက်ကိုလျှောက်၍ သွားကြလေ၏။

ဖိုးသစ်သည် လက်ကောက်များကို တစ်ယောက်တည်းကိုင်တွယ်ကြည့်ရှု၍နေလေ၏။ အရောင်အမျိုးမျိုးတို့ကို စပ်ဟပ်၍ကြည့်လေ၏။

သို့စပ်ဟပ်၍ကြည့်ရာ ရွာထဲ၌ အလှအယဉ်မှာထင်ပေါ် ကျော်ကြားသော မဝင်းကြည်၊ မအုံးကြည်၊ မသန်းကြည်တို့ ညီအစ်မသုံးယောက်၏ မျက်နှာကို ကွင်းခနဲ ကွက်ခနဲထင်မြင်မိလေ၏။

"သူတို့လက်ကလေးတွေမှာ တပ်ကြည့်လိုက်ရရင် ဟောသည်အရောင်သုံးမျိုးစပ်ဟာ အင်မတန်ကြည့်ကောင်းမှာပဲ"ဟု တွေးပြီး တစ်စုံတစ်ရာကို အတွေးရလျက် ပြုံးလေ၏။

mgyoe.com

mgyoe.com

"သင်းတို့တော့ ငါ့ကို အသုံးမကျတဲ့ အကောင်လို့ မှတ်ထင်နေကြတာပဲ။ အခု သူတို့သည်လက်ကောက်တွေအတွက် ဝန်လေးနေတာကို ငါဝန်ပေါ့အောင်လုပ်လိုက်ရရင် ငါ့အကြောင်းသိမှာပဲ။ လောကမှာ ဘယ်အလုပ်မဆို ဉာဏ်ဟာအချုပ်ပဲ။ သည်ဉာဏ်ဟာ လူ၏စိတ်ကိုသိတဲ့ဉာဏ်သည် ဉာဏ်မရှိရင် ဘာကိုမှလုပ်ဖို့ဖြစ်မှာမဟုတ်ဘူး။ လူဟာမျောက်လိုပဲ။ ဆန်အိုးထဲမှာလည်း ဆန်မရှိဘူး။ မှန်းစမ်းသည်အထုပ်ဟာ၊ အဲသည်အထုပ်ထဲက အရုံကလေးတွေမှ မိသန်းကြည်ဆိုတာနဲ့ သိပ်တော်မှာပဲ။ လူဟာမျောက်ပဲ။ ဝမ်းထဲကလည်း တကြုတ်ကြုတ်၊ ဟင်မတတ်နိုင်ပါဘူး။ ထမင်းလည်းချက်ရအောင် သင်းတို့လည်း ဝန်ပေါ့ရအောင်"ဟု ပြောကာ သီးခြားထုတ်၍ထားသော အထူးလှပသော လက်ကောက်၁၂ရံကို အိပ်ထဲသို့ထည့်ပြီး အိမ်ပေါ်မှဆင်း၍ သွားလေ၏။

"ဟေ့ သန်းကြည်လာစမ်း၊ လာစမ်း ဝင်းကြည်ကော မိအုံးကြည်ကောခေါ်ခေါ် နင်တို့ကို ငါအဆန်းပြမယ်"

"ဘာလဲကိုဖိုးသစ်ရဲ့ ဘာအဆန်းများလဲ၊ မှန်းစမ်းဟင်း၊ အော် အလိုလှကလှနဲ့ ကျွန်မကမွေမှတ်လို့။ အလိုဖန်တွေပါလား၊ ဒါဘာလုပ်ရမလဲ"။

"တစ်ခါမှ နင်တို့မမြင်ဘူးသေးဘူးလား"

"မမြင်ဖူးပေါင်ရှင်"

"ဟဲ့ ဒါဖန်လက်ကောက်၊ ရန်ကုန်မှာတော့ ဂုဏ်အသရေရှိ မိန်းမတွေမှဝတ်တာ၊ သည်အရပ်ကို မရောက်သေးလို့ မသိကြလို့၊ ဝတ်ကြည့်စမ်း။ ဘယ်လောက်လှသလဲ၊ ငါ ဒါတွေ မြင်မြင်ချင်း နင်တို့မျက်နှာတွေကို တွေးမိတယ်၊ ဝတ်စမ်း"

"ဟင်မဝတ်ချင်ပါဖူး၊ ရှက်စရာကြီး အရူးလိုဖြစ်နေမှာ"

"ဟဲ့ ဘာရှက်ရမှာလဲ။ ရန်ကုန်မှာ အမျိုးသမီးအချောအလှ အဖိုးတန်တွေမှ ဝတ်တာ၊ စွပ်ကြည့်စမ်းပါဦးဟဲ့။ သိပ်တော်မှာဟဲ့"

ညီအစ်မသုံးယောက်အား ဖိုးသစ်သည် ဖန်လက်ကောက်များကို သွပ်၍ပေးပြီး"ကိုင်းဖြီးလိမ်းဝတ်စားပြီး လမ်းလျှောက်လိုက်စမ်း ဟို အိမ်

mgyoe.com
ဒီအိမ်သွားတာပေါ့။ ငါ့ပိုက်ဆံ တစ်မတ်လောက်ပေးစမ်း တော်တော်ကြာ ပြန်ပေးမယ်"

သန်းကြည်သည် မိမိ၏လက်များကိုလည်းကောင်း ညီမများ၏ လက်များကိုလည်းကောင်း အရိပ်ကြည့်ရင်း အင်္ကျီအတွင်းအိတ်ထဲမှပိုက်ဆံ တစ်မတ်ကိုထုတ်၍ပေးလေ၏။

ဖိုးသစ်အိမ်ကိုပြန်၍လာရာ၊လမ်းတွင် ဆန်နှင့်ငါးရံ့ခြောက်တစ်ပြား ဖိုးဝယ်သွားပြီး အိမ်မှာထမင်းချက်၍နေခိုက်၊ ဖိုးနှစ်ရောက်၍ လာလေ၏။ ဖိုးနှစ်သည် ဖန်လက်ကောက်များ လက်ရာပျက်လျက် တစ်ထုပ်ပျက်၍နေ သည်ကို တွေ့သဖြင့် ဆူပူလေ၏။

" မင်းပဲဒီလက်ကောက်တွေ ပြန်ပို့ရမှာ မှန်မှန်ပြော၊ မင်းယူတယ် မဟုတ်လား"

"ယူတယ်ဆန်ဝယ်စရာမရှိလို့ ငါသွားပြီးရောင်းတယ်"

"ဘယ်လောက်နဲ့ရောင်းသလဲ။ သည်လောက်တောင် ငတ်သလား။ န်ပို့ရမယ့်ဟာတွေကို သွားရောင်းရသလား ဆန်မရှိရင် စောစောကပြော ၊လား"

"ပြောရမှာ မင်းတို့မျက်နှာတွေက ကျွဲခြေရာကွက်ထဲခွေးချေး လောင်းထားသလို၊ ဒါနဲ့ငါသွားပြီးရောင်းတာ မဟုတ်ဘူး၊ ပေးလိုက်တယ်။ ပြီးတော့မှ ပိုက်ဆံတစ်မတ် (အိုင်–အို–ယူ)လုပ်လာခဲ့တယ်။ ဟေ့ ဖိုးနှစ်ရဲ့၊ မင်းတို့က ငါ့ကို အသုံးမကျဘူးထင်တယ်။ နက်ဖြန်ခါကျရင် သိရမယ် လူဟာမျောက်သိရဲ့လား"

"အောင်မယ်။ နက်ဖြန်ခါကျရင်ဘာများလုပ်ပြမလို့လဲ။ ဘုရားပွင့် ပြမလို့လား။ လူပုံကဖြင့် ခြောက်ပြားမတန်ဘူး"

"အေးကွယ် ... ဘာပွင့်ပြပြပေါ့။ ပြမယ်ဆိုပြီးရောပေါ့"

"မပြီးဘူး၊ သည် ဖန်လက်ကောက်တွေကို အခုညရထားနဲ့ ရန်ကုန် ပြန်ပို့ရမယ် လျော့နေရင် ... အဲဒါပဲ"

"ဟေ့ မင်းတို့ ဖန်လက်ကောက်ပြန်မပို့ရဘူး။ မှန်းစမ်းအခုဘာနေ့

mgyoe.com

လဲ။ တနလ်ာ ၁၂ နာရီခွဲ။ သူရဇ္ဇအချိန်၊ သူရဇ္ဇ သောကြာ။ ဗုဒ္ဓ–စန္ဒရော သောရိဂုရု၊ ဘောမ၊သူရဇ္ဇတနင်္ဂနွေ၊ ဂဠုန်၊ ဒူဟုန်ပျံသန်းကုန်မခန်းတဲ့ ကြည့်နေ ငါအင်္ဂဝိဇ္ဇာနဲ့ ဓာတ်ရိုက်ထားတယ်ကြည့်”။

မကြာမီအဒေါ်ရောက်၍လာရာ ဖိုးနှစ်ကဆီး၍တိုင်သဖြင့် ဖိုးသစ်မှာ ထပ်မံအဆူခံရပြန်လေ၏

ထိုနေ့ညနေမှာ စန်းကြည်တို့ ညီအစ်မသုံးယောက်သည် အခြား အပျိုဘော်ကလေးများနှင့် အိမ်ကိုရောက်၍လာပြီး “ ကိုဖိုးသစ် ကိုဖိုးသစ် ဟောဒီမှာ လက်ကောက်လိုချင်လို့တဲ့ ဒေါ်ညိမ်းတို့သားအမိလည်းတော် ကြာရင်လာလိမ့်မယ်။ ကျွန်မတို့ ဝတ်တာမြင်တာနဲ့၊ ဟိုကခေါ်ကြည့်သည် သည်ကခေါ်ကြည့်နဲ့။ ကိုဖိုးသစ်တော့ကောင်ပြီ၊ ရှိသေးရဲ့လား”

“ရှိတာပေါ့ ညီမလေးရယ်၊ လာလာ” ဟုပြောပြီး ကိုယ်တိုင်လက် ကောက်များကိုပြလေ၏။ အဒေါ်နှင့်အစ်ကိုမှာ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ ကြည့်၍နေကြလေ၏။

“မချွတ်ဘဲ ဝတ်လိုက်ကြစမ်းပါ။ လိုချင်သူရှိရင်ခေါ်ခဲ့ သရေစာဖိုး ပေးမယ်”ဟု ပြောလေ၏။

ဧင်းတို့တစ်သုတ်ဝယ်၍ သွားကြပြီး၊ နောက်တစ်သုတ် မိန်းကလေး ငါးယောက်ရောက်၍လာလေရာ ဖိုးသစ်က “ဖိုးနှစ်၊ လူဟာမျောက်ကွဲ့ သိရဲ့လား။ ဟန်ဟန်ပန်ပန် ဝတ်ဆင်သူ တစ်ယောက်နှစ်ယောက်ကို မြင်ရ ရင် အတုလိုက်တာပဲ။ ကုန်ပစ္စည်းဆိုတာလာဝယ်မှာကို စောင့်နေရတာ မဟုတ်ဘူး။ မဝယ်ဘဲမနေနိုင်အောင် ဓာတ်ရိုက်ပေးရတာမျိုး လူဆိုတာ တစ်ယောက်လုပ်တာမြင်ရင်လိုက်ပြီးလုပ်တာမျိုး။ အဝတ်အစား အလှအပ ဆင်ရင် တန်ဆာများမှာ လှတဲ့မိန်းမကလေး၊ ဂုဏ်သရေရှိတဲ့ မိန်းမကလေး နှစ်ယောက်သုံးယောက်ကို အလကား အဆင်ခိုင်းကြည့်၊ မကြာမီအများ လိုက်ပါလာတာပဲ။ အဲသည်အချက် မသေမချင်းစွဲစွဲမြဲမြဲမှတ် “ဟု ပြောလေ ၏။

လက်ကောက်တစ်ရာကျော်ဖိုးမှာ သုံးရက်အတွင်း ကုန်၍သွားရာ

mgyoe.com

mgyoe.com

နောက်ထပ် သုံးလေးရာဖိုးကို၊ သံကြိုးရိုက်၍ မှာကြားရလေ၏။ ထိုနည်းဖြင့် တစ်နွေရောင်းကြရာ ဖန်လက်ကောက်ပေါ်စဖြစ်သဖြင့်၊ ငွေလေးထောင်ကျော်ဖိုး ရောင်းလိုက်ကြရသောကြောင့် တူအရီးနှစ်ယောက်သည် ဖိုးသစ်ကို အိမ်ခေါင်းရင်း၌ ပက်လက်ကုလားထိုင်နှင့် အမြဲစာဖတ်ခိုင်းပြီး အခက်အခဲဟူသမျှမှ အကြံတောင်းကြလျက် ကိုးကွယ်၍ ထားကြရလေသတည်း။

မေလ၊ ၁၉၃၅ ခုနှစ်၊ ဆယ်သန်း မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# မရီးခွတ်ပုံကြောင့်

မောင်ဟန်မှာ အိုင်အေအောင်ပြီး နောက် အလုပ်တစ်စုံတစ်ရာမရှိ။ အလုပ်မှာလွန်စွာရှားပါးသဖြင့် အစ်ကို၏အိမ်၌ကပ်ရပ်နေခဲ့ရာ မရီးဖြစ်သူက အခါခပ်သိမ်း မသာယာသည်ကို သိလျက်နှင့်ပင် ဖွတ်နှစ်ကာ မသိဟန်ဆောင်လျက် အင်္ဂလိပ်သတင်းစာအဟောင်းတွေကိုသာ ဖတ်၍နေရလေ၏။

သတင်းစာအဟောင်းဆိုင်မှ တစ်ပဲနှစ်ပြားတစ်မူးပေး၍ဖတ်ရသော မဂ္ဂဇင်းများကိုမှ မှန်မှန်ဝယ်၍မဖတ်နိုင်၊ မရီးထံမှ မျက်နှာချ၍တောင်းရသော ဆေးလိပ်ဖိုးကလေးများကို စုဆောင်းကာ၊ မဂ္ဂဇင်းအဟောင်းများကို ဝယ်ရလေ၏။

သို့ဖြစ်ခဲ့ရာ အိမ်ဦးခန်းရှိ မောင်ဟန်၏အိပ်ရာဦး၌ အင်္ဂလိပ် မဂ္ဂဇင်း အမျိုးမျိုးတွေ တပုံတခေါင်းကြီး ရှုပ်ပွနေ၍နေသဖြင့် မရီးဖြစ်သူက အိမ်ကို မီးရှို့မလို့ ကြံသလား။ အေးအေးစားနေရင်စားနေတာ မဟုတ်ဘူး။ ဘာများ စိတ်နာလို့ အိမ်ကိုမီးရှို့ဖို့ ကြံသလဲမသိပါဘူးတော်။ ကျုပ်တို့အိမ်ကို မီးအာမခံလုပ်ရမလို ကျနေတာပဲ။ လုပ်စရာငွေကြေးကလေး အပိုအလျှံမရှိဘူး။ ဒီအိမ်တောင်ရုံးက ငွေကလေးထုတ်ပြီးဆောက်ရတာပါ။ တစ်ဆိတ်ချမ်းသာပေးပါ။ ညှိုးပြီးမီးနဲ့များတော့ မရှို့ပါနှင့်စသည်ဖြင့် စောင်းရိပ်ကာ

mgyoe.com

mgyoe.com

ပြောလေ၏။

မောင်ဟန်မှာကား မီးရှို့နိုင်ဖို့အခြေအနေမရှိ၊ ဆေးလိပ်မီးခြစ်မျှ မဝယ်နိုင်ကွမ်းအစ်ထဲက ကွမ်းစားဆေးကလေးကိုသာ ငုံခါငုံခါနေရလေ၏။

သို့ ကွမ်းရာဆေးကို အမြဲငုံရသဖြင့် ဆေးများမှာ ၇ ရက်စားရမည့် အစား သုံးရက်လေးရက်သာ စားရလေရာ မရီးဖြစ်သူက ဆူပြန်လေ၏။

ဘာမှမခံနိုင်ဘူး။ ဒင်းတို့တော့ကုန်ပစေ။ ငါ့ပစ္စည်းမဟုတ်ဘူးဆိုပြီး တမင်ဖြုန်းတီးတာ၊ တကတည်းတော် ကွမ်းရာဆေးတောင်မလွတ်ရဘူး ဟု တစ်နေ့ပြောလေ၏။

ဟန် ။ "မရီးကလဲဗျာ၊ ဆေးလိပ်မသောက်ရလို့ ဆေးကလေးငုံ ရတာပါ မရီးရယ်။ ကျွန်တော်လည်း သည်လိုချည်းနေရမှာမဟုတ်ပါဘူး။ ဘစ်နေ့တော့ အလုပ်ရဦးမှာပေါ့။ သည်တော့ကျေးဇူးဆပ်ပါမယ်"

"ဟော့ အလုပ်အကြောင်း မပြောနဲ့၊ ဘီအေတွေတောင် မှိုလိုပေါလို့ အလုပ်ရမှန်းမသိ။ ဖွတ်ကျော်ပြာစု ခရုအဆံကျွတ်ဖြစ်နေတာ ကောလိပ် ကျောင်းမှာနေတုံးက နားထင်ကိုရောက်တဲ့သွေးဟာ ခြေဖနောင့်အထိ ပြန် မဆင်းသေးသမျှ ကိုယ့်ထမင်းကိုယ်စားရမယ်မထင်ပါနဲ့။ ကျေးဇူးဆပ် စကားကိုထားလိုက်ပါဦး။ ကိုယ့်ထမင်းကိုယ်စားရအောင်သာ လုပ်ပါဦး"ဟု မရီးကပြောလေ၏။

မောင်ဟန်မှာ မခံမရပ်နိုင်အောင်နာလျက် ကျိတ်ကာကြံ၍သာနေ လေ၏။

လခစားအလုပ်ကို မလုပ်လည်း မလုပ်ချင်၊ ရလည်းမရ၊ စာမှတစ်ပါး တစ်စုံတစ်ရာကိုမတတ်၊ အရင်းအနှီးလည်းမရှိ ဘာကိုလုပ်ရမှန်းမသိပေ။

မြို့ထဲကိုလျှောက်ကာ လူအများ ဘာကိုလုပ်ကြပါလိမ့်မလဲ။ အရင်း အနည်းဆုံးနှင့် ဖြစ်နိုင်သော အလုပ်ဘယ်လို အလုပ်များရှိသလဲဟု စုံစမ်း လေ၏။

သို့ရှာရာ အရင်းနည်းသော အလုပ်ဟူသမျှမှာ ကျင်လည်တတ်

mgyoe.com

mgyoe.com

မြောက်မှဖြစ်နိုင်သော အလုပ်များဖြစ်ကြသဖြင့်၊ အတော်အကြံရကျပ်လျက် အိမ်ကိုပြန်ကာ မဂ္ဂဇင်းဟောင်းတွေကို လှန်လှော၍သာနေလေ၏။

ထိုနေ့ကား မိတ်ဆွေတစ်ယောက်ထံမှရခဲ့သော ဝံသာနုဆေးလိပ်တစ်လိပ်ကိုဖွာလျက်နေလေ၏။အတန်ကြာစာဖတ်၍နေရာ၊နံဘေး၌နွေးခနဲနွေးခနဲဖြစ်ပြီး အသံတစ်ခုကိုကြားရသဖြင့် ကြည့်လိုက်ရာ သတင်းစာရွက်တစ်ခုမှ မီးတောက်တစ်ခုသည် လျှာနှင့်လှမ်း၍လျက်သလို လုပ်၍နေသည်ကို မြင်ရသဖြင့် ကပျာကယာထ၍ သတ်ရလေ၏။

မရိုးမမြင်လို့ဘဲ၊ မြင်များမြင်ရင်တော့ သိပ်ဆူမှာပဲ။ ဒါထက် မီးလောင်ရင်တော့ မီးအာမခံမရှိလို့ဒုက္ခပဲ။ မတွေးမခေါ်တဲ့နေရာစပြီး ပေါ်လာတတ်တာမျိုးပဲ။ မတော်တဆ နောက်ဖေးတန်းက စလောင်ရင် ဒီအိမ်ဟာတယ်နည်းနဲ့မှ ချမ်းသာမှာမဟုတ်ပါကလားစသည်ဖြင့် နဖူးလက်တင် ဆင်ခြင်၍နေလေ၏။

မီးလောင်သော သတင်းစာကိုကြည့်လိုက်ရာ အလွန်လှသော တောင်သူမိန်းမချောကလေး တစ်ယောက်နှင့် သာယာသော တောတောင်တစ်ခုပါရှိသည့် ရုပ်ပုံတစ်ခု မပျက်မစီးရှိနေသည်ကို တွေ့ရလေ၏။

ထိုရုပ်ပုံမှာ လွန်စွာကြည်နူးဖွယ်ရာ ကောင်းသော ရုပ်ပုံတစ်ခုဖြစ်လာ၏။ အောက်၌ပါသောစာမှာ ရှမ်းပြည်နယ်စပ် တောင်ခြေရှုမျှော်ခင်းနှင့်ရှမ်းတောင်သူမကလေးဖြစ်ကြောင်း အညွှန်းစာအနည်းငယ်ပါရှိလေ၏။

မောင်ဟန်သည် ၎င်းကားကို စူးစိုက်ကြည့်ရှုနေလေ၏။ သို့ကြည့်၍နေရာမှထပြီး နံရံချိတ်၍ထားသော မရိုး၏ဓာတ်ပုံကို စိုက်ကာကြည့်လေ၏။ မရိုးမှာ ချောမောလှပသော မိန်းမဖြစ်ရာ ပျိုရွယ်စဉ်ကရိုက်ပြီး လက်ဖြင့်ကူးချဲ့၍ထားသည်မှာ စကားလှမ်း၍ ပြောတော့မလို လှပပြုံးချိုသော မျက်နှာရှိလေ၏။

ရုပ်ပုံမှာ လွန်စွာမကြီး သတင်းစာ၌ပါသော ရုပ်ပုံသာသာလောက်ရှိလေ၏။

သေသေချာချာကြည့်သောအခါ မရိုး၏မျက်နှာလှပုံမှာ မပြုံမပြုံ

mgyoe.com



မိမိဓါတ်ပုံကိုကြည့်နေသည်ကိုမြင်ရသောအခါ၊ပြုံးလျှိ၍လာလေ၏။

အရိုင်းနေလျှင် သတင်းစာ၌ပါသော တောင်သူမကလေးမျိုးလို နေမှာပဲဟု မောင်ဟန်တွေးမိလေ၏။ သို့တွေးရင်း ရုပ်ပုံနှစ်ခု တစ်လှည့်စီယှဉ်၍ ကြည့်လေ၏။

မရီး၏ ရုပ်ပုံကို မောင်ဟန်သည် ပေါင်ပေါ်မှာတင်လျက် လက်နှစ်ဖက်နှင့် နဖူးကိုထောက်၍ အတန်ကြာစိုက်၍ ကြည့်နေခိုက်တွင် မရီးဖြစ်သူသည် နောက်ပါးမှ ခြေသံမကြားအောင်ကပ်၍လာပြီး မောင်ဟန်၏

mgyoe.com

m.gyoe.com

ပခုံးနားသို့ကပ်၍ကြည့်လေ၏။ မိမိ၏ဓာတ်ပုံကို မြင်ရသောအခါမျက်နှာချို ပြီး သိမ်မွေ့သလိုဖြစ်လျက်၊ သွေးရောင်လျှမ်း၍ လာပြီးနောက်သို့ဆုတ်ကာ ပင့်သက်ရှူလေ၏။

ထိုနေ့မှစ၍ အဆူအပူအတော်ကလေး အေး၍သွားလေ၏။

မောင်ဟန်သည်ကား နောက်ကလာ၍ကြည့်သည်ကိုသိသော်လည်း မသိဟန်ဆောင်၍ နေလေ၏။ ထိုနောက် ၎င်းဓာတ်ပုံကို မရီးမြင်အောင် နေ့စဉ်လိုလိုကြည့်ပြီး သို့ကြည့်ခိုက်မှာ မျက်နှာကိုတစ်မျိုးဖြစ်အောင်ဘာလို လို ညာလိုလို လုပ်၍ထားလေ၏။

ဩော် – မိန်းမများဟာ၊ ဒီလိုကို၊ သူတို့ကို ချစ်တယ်ထင်ရင် ပြန်ပြီး အပ်ပါကလား။ ငါ့ကတော့ ဘယ်လိုမှ သဘောမထားဘူး၊ သနားရုံထက် တော့ပိုမှာမဟုတ်ဘူး။ အမျိုးဆိုတာတွေကောင်းတာလည်း မဟုတ်ဘူးဟု အောက်မေ့ပြီး ကျွန်းအမြစ်ဆုံသားမို့ အကွက်တွေထ၍နေသော ဓာတ်ပုံ ဘောင်၏ ချောမောလှပပုံကိုကိုင်တွယ် စုပ်သတ်၍နေလေ၏။

မောင်ဟန်သည် မရီး၏ဓာတ်ပုံကို ကြည့်ရင်းဘောင်ကို ပဝါစနှင့် ပွတ်လိုက်သဖြင့် ဘောင်မှာတောက်ပြောင်အကွက်တွေထပြီး အထူး ကျက်သရေရှိလေ၏။

မရီးလည်း မိမိ၏ရုပ်ပုံကို ထိုမျှလောက် ဂရုစိုက်ကာမွမ်းမံသော မတ်ဖြစ်သူအား အရင်ကလို စောင်းမြောင်းပြောဆိုခြင်း မပြုတော့ပေ။

'မောင်ဟန်မှာ အဆူအပူမှ သက်သာစေတော့ဟု သဘောထားကာ ပရိယာယ်လုပ်ခြင်းပေလား။ သို့တည်းမဟုတ် အဘယ်သဘောထားပုံမျိုး ဖြစ်လေသနည်း။ မရီးမှာကားမဆူရုံမက၊ မောင်ဟန်၏မျက်နှာကိုကြည့် ကာ မျက်လုံးများမှာ ပြင်နေသည့်အသွင်ပင်ပေါ်၍ လာပေ၏။

နောက်တစ်နေ့ မရီး၏ရုပ်ပုံသည် ရှိနေကျနေရာမှာ မရှိတော့သည် ကို မရီးကိုယ်တိုင် သတိထားမိလေ၏။

သို့သော်လည်း မေးမြန်းခြင်းမပြုပေ။ ထိုနေ့မှစ၍ မောင်ဟန်မှာ ကားဘောင်သွင်းသော ဘိရိယာလက်နက် အနည်းငယ်နှင့် ကားဘောင်

m.gyoe.com

mgyoe.com

အရိုင်းအနည်းငယ်ကို အဘယ်ကရသည်မသိရ။ မိမိ၏ရုပ်ပုံအကြောင်း မေးသောအခါ၌ကား ကားဘောင်အဟောင်းမှာ မလှသောကြောင့် အသစ်ရွှေရေးပွတ်ဘောင်တပ်ဖို့လုပ်နေကြောင်းနှင့် မောင်ဟန်က ပြောလေရာ ကျေနပ်၍သွားလေ၏။ ကျေနပ်သည့်အတိုင်း လှပသောရွှေရေးပွတ်ဘောင်နှင့် နံရံသို့ပြန်၍ ရောက်နေသော ရုပ်ပုံကိုနောက်တစ်နေ့ တွေ့ရလေ၏။

ထိုအခါမှစ၍ မောင်ဟန်မှာ အိမ်၌များစွာမနေ။ စားလည်းမစား ညဥ့်အိပ်ရုံအတွက်သာပြန်၍လာလေ၏။ အခြားသို့သွားသော်လည်း အခါတိုင်းကဲ့သို့ သတင်းစာ မဂ္ဂဇင်းတွေကိုယူ၍သွားလေ၏။

မရီးဖြစ်သူက အမှိုက်ရှင်းစပြုသဖြင့် ဝမ်းသာသောအမူအရာနှင့် ဘယ့်နှယ်လည်း မတ်တော်မောင်ကလေးရဲ့ မင်းစက္ကူကုန်ကူးနေသလားဟု သရော်သလိုလို ပြောင်သလိုလိုမေးလေ၏။

ကြူလယာဆိုင်မှာ သွင်းတာလည်းသွင်းရတယ်၊ စာအုပ်အဟောင်းဆိုင်ပြန်သွင်းရတာလည်းသွင်းရတယ်။ စက္ကူဟောင်းစုပြီး ဘိလပ်ကိုပို့တဲ့တိုက်ကိုလည်းသွင်းရတယ်။ မရီးအိမ်ကို မီးမလောင်ရတော့ဘူးဟု ပြောလေ၏။

မောင်ဟန်မှာ တစ်နေ့တခြား ပြောင်လက်၍လာလေ၏။ စက္ကူရောင်းရုံကလေးနဲ့ ဤကဲ့သို့ဝတ်စားနေပါ့မလား။ ဒီအကောင်ဟာ ဘာများလုပ်ပါလိမ့်မလဲ စသည်ဖြင့် မရီးဖြစ်သူတွေးတောလေ၏။မောင်ဟန်သည် ကားမေးသည့်အခါ ပေါ့ပေါ့ဆဆ တော်ရုံလျော်ရုံ ပြောလေ့ရှိ၏။

ထိုကဲ့သို့နေရာ ခြောက်လလောက်ကြာ၍အသွား နွေဥတုမွန်းလွဲအချိန်။ နောက်ဖေးတန်းအိမ်တစ်အိမ်မှ မီးစပြီးလောင်လေ၏။

ထိုအခိုက် အိမ်မှာ မရီးတစ်ယောက်သာရှိသဖြင့် အဖိုးတန်ပေါ့ပါးသော ပစ္စည်းအနည်းငယ်မျှကိုသာယူ၍ ကျောကိုကော့ကာဆင်း၍ ပြေးရလေ၏။

မောင်ဟန်နှင့် အစ်ကိုဖြစ်သူရောက်၍ လာကြသောအခါအိမ်မှာ ပြာကျပြီးဖြစ်၍နေသည်ကို တွေ့ကြရလေ၏။

mgyoe.com

mgyoe.com



အဲဒီကားဘောင်နဲ့ ဒီအလုပ်ကိုစတာပဲ

မောင်ဟန်မှာ အားရပါးရ ရယ်မောလေ၏။

မရီး။ ။ "မင်းကအားရလို့ ရယ်တာပေါ့လေ"

"ဟန်။ ။ "မဟုတ်ပါဘူး မရီးရယ် ကျွန်တော်စက္ကူတွေကို မရီးက ကြောက်ပြီး၊ လောင်တော့ တစ်ခြားကကူးလာပြီး လောင်တဲ့မီးမို့ တွေးပြီး ရယ်မိတာပါ"

"ဒါလည်းအားရလို့ပေါ့"

ဟန်။ ။ "အားရတယ်လေ လူများမှာဖြင့် စက္ကူရမယ်ရှာပြီး အပြော ခံရအဆိုခံရ။ အခုဘယ့်နှယ်နေသေးသလဲ ကောင်းတယ်" ဟုပြောပြီး လက်ချားနှင့်ထွက်၍ သွားလေ၏။

mgyoe.com

mgyoe.com

မရီးဖြစ်သူကားပြောဆိုရေရွတ်လျက်ကျန်ရစ်ရှာလေ၏။ မောင်ဟန်မှာ ပြန်မလာတော့ပေ။ နောက်တနင်္ဂနွေ တစ်ပတ်ကြာသောအခါ ဥရောပတိုက်သား အင်္ဂလိပ်လူမျိုးတစ်ယောက်၊ တရုတ်လူမျိုး စာရေးကြီးတစ်ယောက်နှင့်အတူ မောင်ဟန်ရောက်လာလေ၏။ အစ်ကိုနှင့်မရီးတို့၏ တဲကလေးရှေ့၌ ရပ်လျက်စကားပြောကြလေ၏။ တရုပ်စာရေးကြီးက မောင်ဟန်အား "ခင်ဗျားဟာက မြန်လိုက်တာ။ လုပ်ပြီးတာ တစ်လမှမကြာသေးဘူး တခြားကလာတဲ့ မီးမဟုတ်ရင် ခင်ဗျားရွှတယ်လို့တောင်ဖွဲ့မှာပဲ။ အခုတော့ပေးဖို့ ရှိတော့တာပေါ့။ သံသယ ကင်းလောက်ပါတယ်"ဟု ပြောပြီး အင်္ဂလိပ်ဘက်သို့လှမ်းကာ အင်္ဂလိပ်ကို ပြောလေ၏။ ငွေငါးသောင်းမီးအာမခံငွေရကြလေ၏။

မရီးမှာအတိုင်းမသိ အံ့သြလျက်။ ဟဲ့ကောင် နင်ဘယ်တုန်းက လုပ်လိုက်တာလဲ (ဟန်) ပြောသွားတာ မကြားဘူးလား မရီးတို့မရှိခိုက်မှာသူတို့ကို အိမ်ခေါ်ပြပြီး အာမခံလုပ်လိုက်တယ်။ အစ်ကိုနာမည်နဲ့ပေါ့။ အစ်ကိုစာတွေထားတဲ့ ဗီဒိုအံဆွဲကို အသိသားပဲ။ ဂရန်တွေဘာတွေ အကုန်ထုတ်ပြပြီး မခံချင်လို့ တိတ်တိတ်ပေါင်လိုက်တာ မရီးဆူလွန်းလို့"

"ဘယ်က ငွေရသလဲ"

"ကြည့်ချင်လိုက်ခဲ့ကြ"

သုံးယောက်သားမြို့ထဲကို သွားကြည့်ရာ ဖရေဇာလမ်းရှိ သပ်ရပ်လက်ပြောင်သော အခန်းကလေးတစ်ခုသို့ ရောက်ကြလေ၏။ ထိုအခန်းဆိုင်းဘုတ်မှာ ဒေသန္တရရုပ်ပုံကားဆိုင်ဟု ရေးထားလေ၏။ လှပသောတောတောင် ကမ္ဘာအရပ်ရပ်၌ ရှိသောလှပသောရှုမျှော်ခင်းများ။ ဗဟုသုတဖြစ်လောက်သောကားများကို လှပစွာ ဘောင်များသွင်း၍ ချိတ်ထားသည်ကိုတွေ့ရလေ၏။ထိုကားများမှာ အကုန်အစင်သတင်းစာမဂ္ဂဇင်းအဟောင်းများထဲမှ ကတ်ကျေးနှင့်ညှပ်၍ အောက်၌အင်္ဂလိပ် မြန်မာနှစ်ဘာသာစာတန်းများရှိ ထိုကားများမှာ အရွယ်ရွယ်အစားစားရှိရာ စားပွဲ၌ မှန်ကဲ့သို့ထောက်တင်ရန် စီမံလုပ်ကိုင်၍ထားသောရုပ်ပုံအသေးများ၊ နံရံ၌ချိတ်ရန်

mgyoe.com

mgyoe.com

လှပသောဘောင်များနှင့် ကားများဖြစ်ကြရာ။ ထိုကားများမှာ ကြည့်၍လှရုံမက။ ဒေသန္တရဗဟုသုတအမျိုးမျိုးနှင့် သက်ဆိုင်သောကားများ ဖြစ် ကြောင်း သိရလေ၏။

နောက်ဆုံး၌ မရီးဖြစ်သူအား တောင်သူမကလေး၏ ကားကိုပြရာ မရီးမှာ အံ့အားသင့်လျက်"ဒါငါ့ကားက ဘောင်ပါကလား"ဟုပြောလေ၏။

"ဟုတ်တယ်။ အဲဒီကားဘောင်နဲ့ ဒီအလုပ်ကိုစတာပဲ"

"ဘယ်လိုစမလဲ"

"အဲဒီ တောင်သူမကလေး ရုပ်ပုံဟာ ကြည့်ကောင်းတာနဲ့။ ဥရောပတိုင်းသားများ ကြိုက်တဲ့ကားမျိုးပဲ၊ သုတလည်းဖြစ်မယ့် ကားမျိုးဖြစ်ကြောင်းတွေးမိပါတယ်။ ဂုဏ်အသရေရှိ အင်္ဂလိပ်အိမ်တစ်အိမ်မှာ ဘောင်တပ်ပြီးသွားရောင်းရင်ဝယ်မှာပဲလို့ ကျွန်တော်စဉ်းစားမိတယ်။ ဒီဘောင်ဟာလည်းအင်မတန်အဖိုးတန်တဲ့ ကျွန်းအမြစ်ဆုံမို့ အင်္ဂလိပ်လူမျိုးများ ဧကန်သဘောကျမှာပဲလို့ ဒိဋ္ဌလိုလို ကျွန်တော်သိတာနဲ့ တခြားကားဘောင်လည်းမရှိသည့်အတွက် မရီးရုပ်ပုံကိုဖြုတ်ပြီး သူ့ရုပ်ပုံကို ထည့်လိုက်တာပဲ။ အင်္ဂလိပ်ကလပ်တစ်ခုက၊ငွေအစိတ်ပေးလိုက်တယ်။ အခုတော့ ကလပ်ပျက်လို့ လေလံပစ်ရာမှာ ပြန်ပြီး ဆွဲလာခဲ့တယ်။ ဒီငွေအစိတ်နဲ့ ကားဘောင်သွင်းတဲ့အလုပ်ကိုစလုပ်ပြီး သတင်းစာမဂ္ဂဇင်းတွေထဲမှာ တွေ့သမျှကြည့်ကောင်းတဲ့ဗဟုသုတတွေကို ဘောင်သွင်းပြီး တစ်အိမ်တက်ဆင်းရောင်းရာက အဲဒီဆိုင်ဖြစ်လာတာပဲ။ မရီးကား ဘောင်ရဲ့ ကျေးဇူးပါ။ မရီးကားဘောင်အစားလုပ်ပေးရတာ၊ သုံးမတ်ကျ တယ်"

"မအေ့လင်။ နင်အင်မတန်ပါးတယ်၊ ငါ့ဘောင်ပြန်ပေး"

"ယူပါ မရီးရယ် အခုတော့ အရေးမကြီးပါဘူး။ ဒီတောင်သူမပါ လက်ဆောင်ပေးလိုက်ပါတယ်။ ဒါထက်ဘယ်မှာ ချိတ်မလဲ၊ သူ့ဘာသာနေပါစေဦး၊ အိမ်ဆောက်ပါဦး မရီးရယ်"။

ဇွန်လ၊ ၁၉၃၅ ခုနှစ်၊ ဆယ်သန်းမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

## တုနိုင်ပေါင်

ဦးဘိုးထိုက်သည်။ မိမိ၏ပန်းခြံ၌လှည့်လည်ကာ ပန်းများကို ကြည့်ရင်း မကျေမချမ်းဖြစ်၍ နေလေ၏။ အကြောင်းမူကား မိမိ၏ခြံမှာအနီး၌ ယှဉ်လျက် အုတ်တံတိုင်း တစ်ခုသာခြားသော ဦးစံလှခြံလောက် စိုပြည်ဝေဆာခြင်းမရှိသည့်ပြင်၊ ဘုရားလမ်း ဒေါ်မင်းစိန်၏ခြံ၌မိမိတွေ့ရှိခဲ့ရသော ဂန္ဓမာအစပ်မျိုးကလေးကို မရသည့်အတွက် များစွာမကျေမချမ်းဖြစ်၍နေလေ၏။

ဦးစံလှနှင့် ဦးဘိုးထိုက်မှာ ပန်းကို ဂုဏ်တုဂုဏ်ပြိုင်စိုက်၍နေသူ နှစ်ယောက်ဖြစ်လေရာ ဦးစံလှ၏ခြံက မိမိ၏ခြံထက်များစွာသာ၍နေ သည်ကို မခံနိုင်ဖြစ်၍နေလေ၏။

၎င်းတို့ နှစ်ယောက်စလုံးမှာ ပန်းစိုက်ပျိုးခြင်း၌ အထူးဝါသနာပါသူများဖြစ်ကြလေရာ နှစ်ယောက်စလုံးမှာ လခအတော်ကောင်းသော



mgyoe.com

mgyoe.com


အငြိမ်းစား အရာရှိဟောင်းကြီးနှစ်ယောက် ဖြစ်ကြသဖြင့် မိမိတို့၏ပန်းခြံကိုသာ ဂရုစိုက်ကြလျက်၊ ဥတုမတူညီသောကြောင့် စိုက်၍မရဟု ပြောကြသော မေမြို့ပန်းများကိုပင် ဂရင်းဟောက်စ်ပန်းအိမ်များနှင့် ဖြစ်မြောက်အောင်မြင်အောင် စိုက်ကြလေ၏။ သို့သော်လည်း ဦးဘိုးထိုက်သည် ဦးစံလှကို တုပြိုင်၍မရ။ ဦးစံလှမှာ ဝီရိယလည်းပို၏။ စိတ်ကူးဉာဏ်လည်းသာ၏။ အရပ်ရပ်မိတ်ဆွေလည်း ပိုမိုများသဖြင့် ရှားပေ့ဆိုသော ပန်းများကိုပင် ရအောင်ရှာကြံ၍ စိုက်တတ်လေရာ အယ်လပိုင်ပရီမူလာခေါ် ဆီးနှင်းပန်းကိုပင် ဖြစ်မြောက်အောင် ကြံ၍စိုက်သူဖြစ်လေ၏။

တစ်နေ့သ၌ ညနေချမ်းအချိန်တွင် ဦးစံလှသည်မိမိ၏မာလီကုလားကို ကြိမ်းမောင်း ဆူပူလျက်ခြံထဲတွင် အလုပ်များ၍နေလေရာ ဦးဘိုးထိုက်သည်လည်း ထိုအချိန်မှာပင် တစ်ယောက်တည်း ဂန္ဓမာပန်းများကိုပြုစု၍နေလေ၏။

ထိုက်။ ။ဟေ့၊ ဟိုဘက်က လူကတယ်လည်း ဆူပါကလား။ ငြိမ်ငြိမ်သက်သက်အလုပ်ကို လုပ်မဖြစ်လို့လား။

ဦးဘိုးထိုက်သည် လူပုစိတ်တိုဖြစ်လေ၏။ မိမိ၏ခြံမှာ သွေ့ခြောက်လျက်နေသည့်ပြင် ဂန္ဓာမာအစပ်ကို မရသဖြင့် မကျေမချမ်းဖြစ်၍နေလေရာ၊ ဦးစံလှက ဤကဲ့သို့ဆူညံသောအခါ နားငြီးပြင်းကပ်၍ လာလေ၏။ မူလကပင် ဦးစံလှအပေါ်၌ မေတ္တာမရှိ။ ဦးစံလှမှာပင်စင်စားဖြစ်သော် လည်း ပုလိပ်အင်စပတ်တော်မျှဖြစ်ရာ၊ မိမိမှာကား စစ်ကဲကြီးဖြစ်သဖြင့် စိတ်ထဲ၌ အမြဲရှုတ်ချလျက်သာ နေခဲ့လေ၏။

ပင်စင်စားခြင်းတူပေမယ့်၊ ပင်စင်ခြင်းမတူပါဘူး။ ဒင်းက ပုလိပ်။ ငါက ပညာတတ်လူကြီးလူကောင်း၊ ပုလိပ်ဆိုတာ အလှအယဉ်နှင့် ပတ်သက်လို့ ဘာသိမှာလဲ။ နဂိုက ရိုင်းစိုင်းလို့ ပုလိပ်ဖြစ်တာပဲ။ အခုမှ ပင်စင်ကလေးစားရလို့ တုပ,ယောင့်ရမ်းပြီး ပန်းစိုက်ဘာစိုက်တဲ့ အလုပ်နဲ့ ဘာဆိုင်သလဲဟူ၍ အမြဲတွေးလေ၏။ စင်စစ်မှာ ဦးစံလှလိုလူတစ်ယောက်က ပန်းခြံကို ပြုစုပျိုးထောင်သည်မှာ မိမိကို တုပသည်ဟု ဦးဘိုးထိုက်၏ စိတ်၌စွဲမှတ်၍

mgyoe.com

mgyoe.com


ထားပြီးလျှင် မိမိအားတုပသည်ကိုပင် မခံမရပ်နိုင်ဖြစ်၍နေလေ၏။

သို့ဖြစ်ရာတွင် ဦးစံလှခြံက ပိုမိုသားနား၍နေသည်ကို မြင်ရသောအခါ သာလွန်မခံမရပ်နိုင်အောင် ဖြစ်ပြန်လေ၏။ ထိုသာလွန်သားနားဝေဆာပြည့်စုံသဖြင့် ပန်းကြိုက်သော ဥရောပတိုင်းသား ယောကျ်ားမိန်းမများ၊ ဦးစံလှ၏ခြံထဲသို့ လာရောက်ကြည့်သည်ကိုလည်းကောင်း၊ ဦးစံလှအိမ်၌ပန်းခြံနှင့်ပတ်သက်၍ အင်္ဂလိပ်လူမျိုးတွေ အဝင်အထွက်များလျက်အကြောင်းအပေါင်းများစွာ သင့်၍နေသည်ကိုလည်းကောင်း၊ ပိုမို၍မခံနိုင်ဖြစ်၍ နေလေ၏။

သို့မခံနိုင်ခြင်းမှာလည်း အကြောင်းလုံလောက်လေ၏။ ထို့အကြောင်း လုံလောက်ခြင်းမှာ အခြားမဟုတ်။ ဦးဘိုးထိုက်မှာ အင်္ဂလိပ်စာအတော်ပင်တတ်၍ သစ်ပင်စိုက်ပျိုးခြင်းအလုပ်၌ စာတွေ့အတော်များလျက် ဦးစံလှလို လူတစ်ယောက်အား နည်းလမ်းများကို များစွာပြောဆိုသင်ပြနိုင်သူတစ်ယောက်ဖြစ်လေ၏။ သို့ပါလျက် တကယ်လက်တွေ့ လုပ်ရာ၌ ဦးစံလှက သာ၍နေလေ၏။

ဦးစံလှသည် ဦးဘိုးထိုက် လှမ်း၍ပြောသည်ကိုမကြားဘဲ မိမိ၏မာလီကုလားကိုသာ ဆက်လက်၍ ကြိမ်းမောင်းလျက်နေလေ၏။ ထိုအခါဦးဘိုးထိုက်ကဒေါသဖြစ်ပြီး ဟိုဖက်က တယ်ဆူပါကလားဟု ခပ်ကျယ်ကျယ် ပြောလိုက်ပြန်လေ၏။

"ဟင် – ကိုဘိုးထိုက်လား။ ဘာပြောသလဲ"

"ဆူလွန်းလို့ဗျာ ဆူလွန်းလို့ဘာများဖြစ်သလဲလို့" "ဘာမှ မဖြစ်ပါဘူးဗျာ" ဒီကုလားဟာ အင်မတန်မိုက်တဲ့ ကုလားမို့ ပြောရတာပါ။ ဆူဆိုအလုပ်ကလည်းများသကိုးဗျာ။ပန်းမျိုးကလည်းစုံတာကိုး။ ဝန်ထောက်မင်းကော ဘာပြုလို့ မာလီမငှားသေးသလဲ။ အင်း... ငှားလောက်အောင်လည်းမများသေးပဲကိုးဟု ဦးစံလှက ဦးဘိုးထိုက်၏ခြံကို လှမ်းကြည့်ကာ ပြောလိုက်လေ၏။

"ကျုပ်က လက်ရွေးမှစိုက်တာပဲ။ ခြံရှုပ်အောင် အပိုတွေကိုစိုက်လို့

mgyoe.com

mgyoe.com

ဘာလုပ်မလဲ"

"ကျုပ်လည်း လက်ရွေးမှစိုက်တာပါပဲ။ သို့သော်လည်း လက်ရွေးတွေက အတော်များနေတယ်။ ဟောဟို အာသာဝတီနှယ်နီနတ်ပန်းဟာ ဘယ်ကရတယ်ထင်သလဲ။ ဝန်ထောက်မင်းမှာရှိရဲ့လား၊ အမရပူရက ပို့လိုက်တာ"

"အောင်မယ်မင်း အာသာဝတီ နှယ်နီနတ်ပန်းတဲ့၊ မှန်းစမ်းဘယ်ဟာလဲ"

"ဟောဟိုထောင့်က ရွက်လှပင်မှာတွယ်နေတာပေါ့။ တစ်ခါမှမမြင်ဖူးပဲကိုး။ ကျုပ်က ဆန်းဆိုမှရတတ်တာပဲ"

"ဟင့်ဆန်းလိုက်တာ။ရွှေဝါနှယ်ခေါ်တာမဟုတ်လားဗျ။ ကြီးကျယ်အောင် မခေါ်စမ်းပါနဲ့။ ပန်းကြီးပေါင်းတစ်မျိုးပါ။ ကျုပ်ဒါမျိုးကို ခြံရှုပ်အောင် မထားဘူးဟု ပြောပြီး၊ ဘာမှန်းညာမှန်းမသိ၊ ပန်းအကြောင်းလည်းနားမလည်ဘဲနဲ့။ အရမ်းကြွားတာပဲ။ သူ့ခြံထဲများမှာ ပေါက်ရင် ပိန်းပင်တောင်၊ ပဒုမ္မာရွှေကြာဖြစ်အောင် ပြောမှာ အလကားပုလိပ်ဟု မိမိဘာသာတီးတိုးပြောရင်း နှင်းဆီရုံပေါ်မှာတင်၍နေသော သရက်ကိုင်းခြောက်ကိုယူ၍ပစ်လေ၏။

ဦးစံလှကလည်း အလကားလူ၊ ဘာဝန်ထောက်လဲ။ နားမလည်ပါးမလည် သူများဟာများဖြင့် ခြိုးခြိုးဖွဲ့ဖွဲ့၊ အာသာဝတီနှယ်နီ နတ်ပန်းကိုတောင် နှယ်ရွှေဝါဖြစ်အောင်ပြောတယ်ဟု မိမိဘာသာပေါက်တူးနှင့် မြက်များကိုပေါက်ရင်း ပြောလေ၏။

သို့ တစ်ယောက်တည်းပြောပြီး ဝန်ထောက်မင်း ဘယ်အခါကမှ မမြင်ဖူးတဲ့ ပန်းကိုမြင်ရစေမယ်။ ထိုပန်းအထမြောက်ရင်၊ ရှေ့လာမယ့်အံ့ပွဲမှာ ပထမဆုဆွဲမှာပဲ။ ရန်ကုန်မြို့မှာ ကျုပ်ပန်းခြံထက်သာတဲ့ ပန်းခြံမရှိစေရဘူး။ ဒီပန်းတစ်ခုပဲလိုနေတယ်။

"ဘာပန်းများလဲဗျာ"

"အို မြင်တော့သိရောပေါ့"

mgyoe.com

mgyoe.com


ဦးဘိုးထိုက်သည် ဆိတ်ငြိမ်စွာတွေး၍ နေလေ၏။ ဘာပန်းများဖြစ်ပါလိမ့်မလဲ၊ ငါ့ခြံထက် ဘယ်လောက်များ ထူးပြီးသာသွားဦးမှာလဲဟု တွေးကာ မလိုသောစိတ်ဖြစ်ပေါ်လျက်၊ သာရွှေ့သွားမှာကို များစွာစိုးရိမ်လေ၏။

"ဘာပန်းများလဲဗျာ၊ ဘယ်မှာ သတင်းရသလဲ"

ဦးစံလှသည် အုတ်တံတိုင်းကို ကပ်လာပြီး

"ကျုပ်ခြံထဲကိုအရင် ခဏခဏလာပြီးကူညီလုပ်တဲ့ အောင်ကြီးဆိုတဲ့ အကောင် သတိထားမိရဲ့လား"

"အင်း မြင်မိတယ်။ ဒီအကောင် အရက်သမားပဲ"

"ဟုတ်ကဲ့ တစ်ခါတစ်ခါ သောက်တယ်။ ပြတ်လတ်ရင် ဒီကိုလာတာနဲ့ တစ်ကျပ်တစ်ပြားပေးလိုက်ရင်၊ ဘာမဆိုရတာပဲ"

"သူဘယ်ကလဲ"

"အင်္ဂလိပ်မကြီးတစ်ယောက်၊ တာမွေမှာ ပန်းအကြီးအကျယ်စိုက်နေတယ်။ ပန်းမျိုးကောင်းတွေ၊ အဲဒီ မိန်းမကြီးဆီမှာ အမျိုးမျိုးရှိသတဲ့။ အစေ့များကို ဒီမိန်းမကြီးက အရပ်ရပ်ရောင်းစားတယ်၊ စိုက်နည်းနဲ့ အစေ့စာအုပ်များတောင် ပုံနှိပ်ပြီး၊ အရပ်ရပ်ပို့သတဲ့။ နို့ပေမဲ့ ယခုကျုပ်ပြောတဲ့ပန်းတော့ ယခုဘယ်ကိုမှ မျိုးကိုမရောင်းသေးဘူးတဲ့။ ရှေ့နှစ်ခါလောက်ကြမှရောင်းမယ်လို့ပြောတယ်။အဲဒါ ယခုကျုပ်ရပါစေ့မယ်လို့အောင်ကြီးကပြောတာပဲ။

"ဒီလိုဖြင့် သူတိတ်တိတ် ယူပေးမယ်ဆိုတာပေါ့"

"ဘယ်လိုယူယူလေ ရပြီးရော မဟုတ်လား။ ကျုပ်ရရင် ငွေသုံးဆယ်ပေးမယ်လို့ ပြောထားတယ်။ ဂန္ဓာအစပ်တစ်မျိုး"

"အောင်မယ် ပေါလွန်းလို့ဗျာ။ မေမြို့ဂေါ်ရခါးခြံတွေမှာ ဘယ်လောက်ယူမလဲ"

"ဟုတ်တယ်။ သို့သော်လဲ ဒါမျိုးမဟုတ်ဘူး။ မြင်တော့သိမယ်လေ။ သူ့သခင်အရင်ကတောင် ယခုနှစ်မျိုးကို မထုတ်သေးပါဘူးလို့ ဆိုတာပဲ။ ဘယ်လောက်ဆန်းမယ်ဆိုတာ၊ စဉ်းစားပဲကြည့်တော့ ကျုပ်လည်းပန်းစိုက်

mgyoe.com

လာတာ ဆယ်နှစ်ကျော်လာခဲ့ပါပြီ၊ ဒီလောက်မရှူးပါဘူး ဝန်ထောက်မင်း ရယ် သိပါတယ်"

"အင်း . . . ဂန္ဓမာအစပ်၊ ကြည့်ရသေးတာပေါ့လေ"

"မရှိပါဘူး၊ ဒေလီယာတစ်မျိုးနဲ့စပ်တာ"

ထိုအခိုက် ဝန်ထောက်ကတော် ရောက်၍လာရာ ဝန်ထောက်မင်း က ထိုဂန္ဓမာက ပြားပန်းအကြောင်းကို ပြော၍ပြလေ၏။ ဝန်ထောက် ကတော်ကြီးသည် ထိုပန်းအကြောင်းကို ကြားလျှင်ကြားခြင်း များစွာလိုချင် စိတ်ပေါက်သဖြင့်၊ ဝန်ထောက်မင်းကို လက်ကုတ်ခါ၊ အောင်ကြီးဆိုတဲ့ အကောင်ကို ရအောင်ကပ်ပေတော့။ ကျုပ်ဒီအင်္ဂလိပ်မကြီးခြံကိုရောက်ဖူး လို့၊ ကိုယ်တိုင်ပဲတွေ့ခဲ့တယ်။ အင်မတန်ချစ်စရာကောင်းတာပဲ။ ဒေစီနဲ့ စပ်တာလို့ ပြောတယ်။ ကျုပ်မြင်ရတဲ့ပန်းသာဖြစ်ရင် မျိုးကိုတစ်ရာပေး အချည်းအနှီးမဖြစ်ဘူး။ ချက်ချင်းအရင်းပြန်ရမှာပဲဟု တီးတိုးပြောလေ၏။

အသာနေ ဒီအတိုင်းမှန်ရင် အောင်ကြီးကိုငါနှူးမယ်၊ ဒင်းရကိုမရ စေရဘူး။ စံလှကိုပေးရင် ဒင်းမသကာ သုံးလေးဆယ်ရတော့မပေါ့။ ငါက ပိုပေးလိုက်မယ်။ ခြံဂုဏ်မောက်လှတဲ့အကောင်၊ ဒီတစ်ခါသိကြရောပေါ့၊ ဒီမျိုး ဒင်းခြံထဲကို မရောက်စေရဘူးဟု ပြောလေ၏။

နောက်တစ်နေ့ ဝန်ထောက်မင်းသည် နံနက်ခင်းအချိန် ကန်တော်ကြီး ကို ပတ်ပြီးပြန်၍လာရာ ဆူးလေဘုရားလမ်းတွင် အောင်ကြီးနှင့်တွေ့လေ ၏။

ဝန်ထောက်မင်းသည် ပြုံးရယ်လျက် အောင်ကြီးကို အားရဝမ်းသာ နှုတ်ဆက်ပြီး အတူယှဉ်ကာ လျှောက်၍လာကြလေ၏။

အောင်ကြီး၏စိတ်၌ကား ဂုဏ်ရည်ချင်းမမျှ ဤဝန်ထောက်ကြီးဟာ ဘယ်လိုအကြံနဲ့ ငါ့ကို ဤကဲ့သို့အရောတဝင် အလွန်ခင်မင်လျက် လက်တွဲ ၍ လျှောက်ခမန်းဖော်ရွေခြင်း ဖြစ်ရပါသတုန်း စသည်ဖြင့်တွေးတော အံ့သြ လေ၏။

သို့ တွေးတောခိုက်တွင် ဝန်ထောက်ကြီးက ဦးလည်း ကန်တော်ကြီး

mgyi.com

mgyoe.com

ဘရန်ဒီ သုံးခွက်နှင့် ဘီယာတစ်လုံး ကုန်ခါနီးသောအခါအောင်ကြီးက "ဒီလိုပါဦးလေးရဲ့ ကျွန်တော်တတ်နိုင်တယ်ဆိုတာ၊ သူ့ဆီမှာလုပ်နေ ခိုက်မှာ တတ်နိုင်တာပြောတာပါ။ ခုတော့ကာ ..." ဟု ပြောပြီး ဘီယာကို ငှဲ့လေ၏။

"ခုတော့ ဘာဖြစ်သလဲ"

"ယခုတော့ ပန်းပင်တွေကို ညမှာ အပြင်ထုတ်တာမိသွားတယ်။ သည့်အတွက် မလုပ်ရတော့ဘူး။ လုပ်နေရတုန်းမှာတော့ ဦးလေးလိုချင် တာကို ချက်ချင်းပေါ့။ သစ်စေ့သေတ္တာသော့ ဘယ်နေရာမှာထားတယ် ဆိုတာ ကျွန်တော်သေသေချာချာ သိတာပဲ"

"နို့ ယခုမတတ်နိုင်တော့ဘူးလား"

"ဒါ့ကြောင့် ပြောတာပေါ့ ဦးလေးရဲ့"

"တတ်နိုင်ရင်လည်း ဘာငြင်းမလဲ ယခုချက်ချင်းပေါ့"

"ဟင့်အင်း အစကတော့ ဖြစ်မလိုလိုဘာလိုလိုနဲ့"

"ကျွန်တော်က ဖြစ်မယ်လို့ ပြောလို့လား ဦးရဲ့"

"နို့ ဖြစ်မယ်ဆို၊ ဒါကြောင့် မင်းအလကားလူ"

"အောင်မယ် ... ကျုပ်ဘာသာကျုပ် လမ်းလျှောက်လာတာ၊ အတင်း ခေါ်အရက်တိုက်ပြီး အလကားလူလို့ဆိုတာ မတရားဘူးထင်တယ်။ ကိုယ် လိုချင်တာမရရင် တခြားလူတွေမှာ အလကားလူဖြစ်ရတော့မှာလား"

"တော်ကွယ်"ဟု ပြောပြီး ဆိတ်ငြိမ်၍နေကြလေ၏။

"ကျွန်တော်က ခွင်းချက်နဲ့ ပြောတာပါ။ ဖြစ်နိုင်တယ်။ ဒီလို ဒီလို ဖြစ်ရင် ဖြစ်နိုင်တယ်။ ဟိုလိုဆိုရင်မဖြစ်နိုင်ဘူး။ ယခုတော့ မဖြစ်နိုင်တဲ့ အခြေအနေမို့ မဖြစ်နိုင်ဘူး ပြောရတာပေါ့ဦးရဲ့၊ ဦးဘာစိတ်ဆိုးစရာရှိသလဲ"

"တော်ပါကွယ် မင်းနဲ့ ကြာကြာပြောနေလို့ အလားပါပဲ"

"အောင်ကြီးသည် ရယ်မောပြီး" ဦးပဲ ဘီကိုပေးပေတော့ဟု ပြောကာ ထတော့မည်ပြုလေ၏။

ဝန်ထောက်မင်းသည် အောင်ကြီး၏ လက်ကိုဆွဲ၍ထားပြီး။ "နေဦး

mgyoe.com

mgyoe.com

ငါပြောစရာရှိသေးတယ်”

“ဘယ့်နှယ်လဲ ပြောလေ”

“မင်း .. ဟိုအိမ်မှာ အလုပ်မလုပ်တာ ကိုစံလှသိရဲ့လား”

“ကျွန်တော် ဦးမို့ပြောတာ။ ဘယ်သူမှ မသိဘူး၊ ပြောလည်း မပြောဘူး”

“ဒီလိုဖြင့် မင်းသူ့ကိုလည်း မပေးနိုင်ဘူးပေါ့”

“ဘယ်ပေးနိုင်မလဲ”

“တစ်ခုခုကို လိမ်ပြီးပေးရင် မဖြစ်ဘူးလား”

“ဖြစ်မှာပေါ့၊ ဒီအစေ့မျိုးဟာ အပင်ဖြစ်ပြီး ပွင့်လာမှ ခြားနားတာပဲ”

“ဒီလိုဖြင့် မဟုတ်တဲ့ အစေ့ကိုညာပြီး ပေးလိုက်ပါလား”

“ဘာကျေးဇူးပြုမလဲ”

“သူ့ကိုမဟုတ်တဲ့ အစေ့ကိုပေးရင် ငါကငွေတစ်ဆယ်ပေးမယ်”

“ဟင် တကယ်လား၊ ယခုသောက်ရတာနဲ့ မနိမ်နဲ့နော်”

“မနိမ်ပါဘူးကွယ်။ ဦးတို့မှာ ဒါလောက် ဘာအရေးကြီးတာလဲ ဒီ အကောင်ကြွားအားကြီးလို့ မခံချင်လို့ပါ။ သူသိပ်ကြွားပြီး၊ သိပ်အားထုတ် စိုက်မှာပဲ၊ နောက်ဆုံးကျတော့မှ မျက်နှာမဲ့တာကို မြင်ရရင် ကျေနပ်ပြီ၊ ဦးပန်းမရတာ ကိစ္စမရှိပါဘူး။ သူရပြီး ကိုယ်မရမှာစိုးလို့ပါ။ ယခုတော့ သူလည်းမရဘူးဆို ကျေနပ်တာပဲ”

အောင်ကြီးသည် စဉ်းစားလျက် ပြုံးနေလေ၏။

“ဦးဘယ်တော့ပေးမလဲ”

“မင်းအကောင် မျိုးကိုရလို့ စိုက်ပျိုးပြီး ငါ့အပေါ်မှာ မော်ကြွားနေတဲ့ အခါကျတော့လာခဲ့ ငွေတစ်ဆယ်ပေးမယ်”

နောက်ရက်များ မကြာမီ ဦးစံလှမှာမှုရသော မျက်နှာလိုဖြစ်၍နေ လေ၏။

“ဘယ့်နှယ့်လဲ ကိုစံလှရဲ့ မြူးလှချည်လား။ ခင်ဗျား ဂန္ဓမာအစပ် ဆိုတာ ရပြီထင်တယ်”

mgyoe.com

"အင်း ... ဘာကွယ်စရာရှိသလဲ၊ ရပါတယ်"

"အဲဗျာ ကျုပ်တို့များတောင် လက်မတို့ဘူး"

"မရနိုင်လို့ပါ ကျုပ်တောင် သုံးလေးစေ့ရတာ၊ ဗိုလ်မကြီးလစ်တုန်း ရလာခဲ့သတဲ့။ နောက်ကိုတော့ မလစ်တော့ဘူးလို့ပြောတယ်"

"နောက်မရနိုင်တော့ဘူးလား"

"မရတော့ဘူးလို့ ပြောတာပဲ။ ကျုပ်တောင် အနိုင်နိုင်ရတာပဲ"ဟု ပြောပြီး စကားအဖက်လုပ်မပြောတော့ဘဲ၊ ခြံထဲမှ ထွက်၍သွားလေ၏။

နောက်တစ်နေ့ အောင်ကြီးသည် ဝန်ထောက်မင်း ကန်တော်ကြီးမှအပြန် ဆူးလေဘုရားလမ်း၌တွေ့ရာ အန်ဒါဆင်ကို နှစ်ယောက်သားဝင်ကြလေ၏။ ဝန်ထောက်မင်းသည် အောင်ကြီးအား ဝမ်းမြောက်ဝမ်းသာနှင့် ငွေတစ်ဆယ်ပေးပြီး၊ ဘရန်ဒီ သုံးခွက်တိုက်လိုက်လေ၏။

ဝန်ထောက်မင်းသည် မိမိ၏ဆင်ဉာဏ်အကြောင်းကို ဝန်ထောက်ကတော်မှ မသိစေဘဲ။ ကြိတ်ကာ တစ်ကိုယ်တည်း ကျေနပ်နေလေ၏။

ဝန်ထောက်ကတော်ကြီးမှာလည်း ထိုအခါမှစ၍ ထိုအကြောင်းနှင့် ပတ်သက်၍ မေးခြင်း၊ မြန်းခြင်း၊ တစ်စုံတစ်ရာမပြုသော်လည်း ပန်းခြံကို အထူးဂရုစိုက်စ ပြုလေ၏။

မြေကွက်ကလေး တစ်ခုကိုလည်း ဝန်ထောက်ကတော်ကြီးသည် အထူးဂရုစိုက်လေရာ ဝန်ထောက်မင်းက ဘာပင်များလဲဟု မေးသောအခါတိုင်း ရှင်သိရပါလိမ့်မယ်လေ၊ နောက်ပေါက်တော့ မြင်ရောပေါ့ဟူ၍ သာပြန်၍ ပြောလေ၏။

ဝန်ထောက်မင်းမှာ များစွာအတွေးရခက်လျက်၊ ဘာပင်များပါလိမ့်မလဲဟူသာ တွေးလေ၏။

"မင်း ဟိုအောင်ကြီးဆိုတဲ့ အကောင်ဆီကများ ဟိုအစေ့ဆိုတာဝယ်သလား"

"ဘယ်အောင်ကြီးလဲ။ ဟင့်အင်းမဝယ်မိပေါင် ကျုပ်တခြားကရတာပါ။

mgyoe.com

"ဘယ်ကရသလဲ ဘာလဲ"

"ဟို အစပ်မျိုးဆိုတာပေါ့၊ ကျုပ်ဘုရားလမ်းကရတယ်။

အော် ဘုရားလမ်းမှာရှိတယ်လို့ ကြားတယ်။ အဟုတ်သားဟေ့ ငါလည်းမေ့နေတယ်။ မင်းဘယ်တုန်းကရခဲ့သလဲ"

"အရင်ပွဲထိုင်သွားတုန်းက ခြံထဲမှာ တွေ့ခဲ့လို့ ခံတမာဆီက မျိုးရခဲ့တယ်။ တာမွေကရတဲ့မျိုးပဲတဲ့"

"ဟယ် ... ဒီလိုဖြင့် နေရာကျတာပေါ့ ဟိုဘက် အကောင်ကြီးကလဲ သူရတယ်လို့ ပြောနေပါကလား"

"ပြောသလား"

"အဟုတ်ပဲတဲ့ ရလို့မှိုရတဲ့မျက်နှာလို မြူးနေတာ မမြင်ဘူးလား" ဂရိစိုက်လိုက်တာ။ သူခြံတောင်အခွင့်မရှိ မဝင်ရလို့ စာကပ်ထားတယ်"

"အလကား ရှင်မခံချင်မှန်းသိလို့ တမင်ကြွားနေတာ။ ရမယ်မထင်ပါဘူး။ အင်မတန်ခက်သတဲ့"

"မပြောတတ်ပါဘူး၊ သူကတော့ရတယ်လို့ ပြောနေတာဘာပဲ။ အင်မတန်ကြီးလည်း ဂရုစိုက်နေတာပဲ"

"ကျုပ်တော့ မထင်ပါဘူး။ သူ့ကို တစ်ယောက်ယောက်က ညာပြီး ရောင်းသွားသလားမှ မသိဘဲ"

"ရောင်းရင် အောင်ကြီးဆိုတဲ့ အကောင်ရောင်းမှာပဲ"

ဝန်ထောက်ကတော်ကြီးသည် စဉ်းစား၍နေလေ၏။ ထိုစဉ်းစား၍ နေပြီးနောက် "ဟုတ်ချင်လည်း ဟုတ်မှာပဲလေ၊ အောင်ကြီးဆီက ဖြစ်ရင် အစစ်ဖြစ်မှာပေါ့"

ဝန်ထောက်မင်းလည်း တစ်စုံတစ်ရာမှ ပြန်၍ မပြောဘဲနေလေ၏။ မိမိ၏ဆိုးယုတ်သော အကြံကိုမိမိ၏ မယားသိမှာကိုပင် စိုးရိမ်နေလေ၏။

"မပြောတတ်ဘူးလေ။ ပေါက်မှပဲသိရမှာပဲ။ မင်းပန်းတော့ စိတ်ချရရဲ့ မဟုတ်လား"

"ကျုပ်ဟာတော့ စိတ်ချရပါတယ်"

mgyoe.com

mgyoe.com

"မင်းဟာ စိတ်ချရရင်တော်ပြီ။ ဒင်းချည်းမှ အဖိုးတန်ပန်းရနိုင်တယ်လို့ ဆိုတာကိုသာ မခံနိုင်တာဘဲ။ ကိုယ်ကဟုတ်တာရပြီး သူမဟုတ်တာရရင်တော့ အားရပါးရရယ်ရမှာပဲ၊ အင်မတန်ကြွားတဲ့ပုလိပ်။ ဘုရားသိကြားမလို့ မဟုတ်ပါစေနဲ့လွဲပါစေ။ ယူရင်ဂန္ဓမာ အစပ်မဖြစ်ဘဲ။ ဟင်းနုနွယ်ဆူးပေါက်တွေ ဖြစ်ပါစေလဟဲ့။ ပုလိပ်နဲ့ပန်းနဲ့ ဘာဆိုင်သလဲ။ မင်းဆိရောက်ရင် ပန်းကောင်းအညွန့်ကျိုးဖြစ်ပါစေ စသည်ဖြင့် တတေတာတာ မဟုတ်တန်းတရားတွေဖြစ်အောင် ဆုတောင်းပဌနာပြုလေ၏။

တစ်ဖက်သောခြံ၌ ဦးစံလှသည် မိမိ၏ပန်းခြံကို နံနက်တိုင်း၊ ညနေတိုင်း ဂရုစိုက်လေ၏။

တစ်ဖက်သောခြံ၌ကား ဝန်ထောက်ကတော်ကြီးသည် များစွာဂရုစိုက်ကာ မိမိပျိုး၍ထားသော အစေ့များကို အောင်မြင်အောင် ဂရုစိုက်လေ၏။

ထို ဂရုစိုက်ရာ တန်ကြာလျှင် အပင်ကလေးများဖြစ်ကြလေ၏။

တစ်ဖက်ခြံ၌လည်း ထိုအတူ တစ်ပြိုင်တည်းလိုလို အပင်များဖြစ်လေ၏။

အပင်ပျိုကလေးများကို အရိပ်တကြည့်ကြည့်နေကြလေ၏။ ဝန်ထောက်ကတော်ကြီးနှင့် ဝန်တော်မင်းသည် ဦးစံလှအကြီးအကျယ်ဝမ်းနည်းပက်လက်ဖြစ်ရတော့မည့်နေ့ကိုမျှော်ကာ လင်မယားနှစ်ယောက်မှာ ကျိတ်ကာဝမ်းသာလျက် အူထဲအသည်းထဲက တကြိတ်ကြိတ်ဖြစ်၍နေကြလေ၏။

အကြောင်းမူကား မိမိဆင်၍ထားသော ဇာတ်ကိုသိလေရာ ဝန်ထောက်ကတော်ကြီးအား စိတ်သာချပါကွယ်၊ မင်းလူအလိမ်မိပါတယ်။ သူဘယ်ကရတယ်ဆို ငါသိရပါပြီ။ သူ့ကို တစ်ပတ်ရိုက်ပြီး ရောင်းတာတဲ့ဟု ပြောလေ၏။

"ဝန်ထောက်ကတော်က ဟုတ်လား။ ဒီလိုဖြင့် ပြောလိုက်ရောပေါ့ရှင်။ တစ်ဖက်သား အလိမ်ခံရတာကို ကြည့်နေသလားရှင့်"

mgyoe.com

mgyoe.com

"ကြည့်ကောင်းလို့ ကြည့်နေတာ။ ကြွားတဲ့အကောင် ဒီတစ်ခါ သေသေချာချာမိတာပဲ"ဟု ပြောလေ၏။

ဝန်ထောက် ကတော်ကြီးက "ရှင်နှယ်တော် မလိုဓမ္မာအားကြီးလိုက်တာ။ မတော် ဒါရှင်ပြောလိုက်ကရောပေါ့၊ ရှင်ပါကြံဖော်ကြံဖက်လား"

"အောင်မယ် မဟုတ်ပေါင်ဗျာ၊ ကြားရတာပြောတာပါ"

တစ်နေ့သည် ဝန်ထောက်ကြီးအိပ်၍နေရာတွင် ဝန်ထောက်ကတော်ကြီးက လှုပ်၍နှိုးသဖြင့် ငေါက်ခနဲထရာ၊ ဝန်ထောက်ကတော်ကြီးက ဟိုမှာ ကြည့်စမ်း ဘာများပါလိမ့်ဟု ပြောလေ၏။

ဝန်ထောက်မင်းသည် မျက်နှာကိုပွတ်သတ်ကာ ပြတင်းပေါက်မှ ကြည့်လေရာ ကိုစံလှ၏ခြံထဲ၌ အင်္ဂလိပ်ယောကျ်ား၊ မိန်းမ ဒါဇင်ဝက်ခန့် စိတ်အားထက်သန်စွာ စကားပြောလျက် ပန်းပင်တစ်ပင်ကို ကြည့်နေကြသည်ကို တွေ့ကြရလေ၏။

ဝန်ထောက်ကြီးသည် လျင်မြန်စွာ ရေမိုးချိုးပြီး အိမ်ပေါ်မှဆင်း၍ ဦးစံလှ၏ ပန်းခြံကိုရောက်၍ သွားလေ၏။

ပန်းပင်ကို မြင်ရသောအခါ အတိုင်းမသိအံ့သြခြင်းဖြစ်လေ၏။ အကြောင်းမူကား ဒေလီစပ်ပန်းပင်ကလေးမှာ ကျက်သရေရှိသောအဆင်း အရောင်အမျိုးမျိုးနှင့် ဝေဆာသိုက်မြိုက်၍နေသည်ကိုမြင်ရလျှင် အံ့အားသင့်၍နေလေ၏။

ဦးစံလှသည် ခါးထောက်လျက် ဆေးပြင်းလိပ်ထွားထွားဝဝကြီးကို ပါးစပ်၌ကိုက်ကာ အဖိုးထိုက်တန်သောပန်းကို အဘယ်ပုံဂရုစိုက်ပြီး အဘယ်ပုံအောင်ဂရုစိုက်ရသည့်အကြောင်း လက်ချာပေး၍နေလေ၏။

ဒီမျိုးကိုရအောင် အင်မတန်ကြိုးစားရတာပဲ၊ ပြင်ဦးလွင်မှာလည်း မရှိဘူး။ ဘုရားလမ်းမှာရှိတယ်ကြားလို့ သွားစုံစမ်းလည်း ဘာမှမဟုတ်ဘူး။ တာမွေကအမယ်ကြီးဆီမှာရှိတယ်လို့ အောင်ကြီးကပြောတယ်။ အောင်ကြီးလည်း ကြံလို့မရတော့ ကိုယ်တိုင်သွားပြီး စုံစမ်းတယ်။ ဒီတော့ တကယ့်အစစ်က သူ့မှာလည်းမရှိဘူး။ သူလည်းသတင်းကြားပြီး ရလိမ့်မယ်ထင်လို့

mgyoe.com

mgyoe.com

ကြွားတာရတော့၊ ပြင်ဦးလွင်က ဂျပန်တစ်ယောက်ဆီကရတာ၊ ဒီဂျပန်လဲ အပင် အစိတ်လောက်စမ်းတာ တပင်မှုအောင်မြင်လို့ ဒီမျိုးကိုရပြီး ဒီမျိုးနဲ့ ပြန်စိုက်တော့လဲ အောင်ချင်မှအောင်သတဲ့။ ကျုပ်တော့ ကံစွတ်မိတာနဲ့တူတာပဲ။ သို့သော်လည်း သဘောကိုတော့ နားလည်ပါပြီ။ ကျုပ်ကိုယ်တိုင် လက်ထပ် စိုက်နည်းစိုက်ပုံကို သင်ပေးမှ အောင်မြင်မှာပဲ။ မျိုးရောစိုက်နည်းရောဆိုရင် အတော်အခရမှ ပေးနိုင်မည်စသည်ဖြင့်ပြောရာ၊ ဝန်ထောက်မင်းက ဒီမျိုး အောင်ကြီးဆီကရတာ မဟုတ်ဘူးလားဟု မေးလေ၏။

အောင်ကြီးက ဟိုအမေကြီး စကားကိုကြားလို့ ကြွားတာ၊ ပြီးတော့လဲ အောင်ကြီးဟိုကိုလည်း မကပ်ရပါဘူး။ သူကမပြောပေမဲ့ ကျုပ်သိပါတယ်။

"နို့ ဒီဂျပန် ဘယ်မလဲရှိသေးသလား"

"ဂျပန်လည်းမရှိဘူး၊ ခြံကိုရောင်းပြီး ပြန်သွားပြီ။ ဂျပန်စာတပ်ပုံတိုက်စာစ်ခုမှာတွေ့လို့ ပြင်ဦးလွင်ကဆိုတော့ မေးကြည့်တာနဲ့ ကံစွပ်မိလာပြီး လက်ရှိ သမားကိုမေးမိရက်သား ဖြစ်နေတာလား"

ထိုအခါ ဝန်ထောက်မင်းသည် ချာခနဲလှည့်၍ထွက်လာရာ မိမိခြံထဲကို ပြေးလေလျှင် ဝန်ထောက်ကတော်ကြီး၏ ပန်းပင်ကိုကြည့်ရာ ပွင့်လျက်ရှိသည်ကို တွေ့ရလေ၏။အပင်မှာတူသလိုလိုရှိသော်လည်း အပွင့်မှာမတူကွဲပြား နည်းနည်းကလေးမျှမတူကြောင်း တွေ့ရှိကြရလေ၏။

သို့ပင်တွေ့ရသော်လည်း လူတို့၏စိတ်၌မျှော်လင့်ခြင်း မီးပွားကလေးမှာ မငြိမ်းနိုင်ရှိလေရာ တူများတူလေသလား၊ ဟုတ်ပါတယ် ဒါပါပဲဟုပြောခါ၊ သေချာစွာကြည့်ကြပြီးနောက် ဦးစံလှ၏ ခြံကိုပြေး၍ကြည့်ကြရုံမက ပန်းတစ်ပွင့်ကိုတောင်း၍လာပြီး သေချာစွာနှိုင်းယှဉ်၍ ကြည့်ကြပြီးနောက် မတူနိုင်သည့် အဆုံးသို့ရောက်ခါမှ နှစ်ယောက်သား လက်လျှော့ကြလေရာ ဦးစံလှက မိမိ၏ပန်းနှင့် ၎င်းတို့၏ပန်းကို နှိုင်းယှဉ်၍ ကြည့်ကြောင်း ရိပ်မိသဖြင့် ...

တူနိုင်မယ်မထင်ကြနှင့် ကိုးဆယ်ဆက္ကာလိမ့်မယ်။ တူသလေးလေး

mgyoe.com

mgyoe.com

တူနိုင့်ပေါင် ရောင်ပွလုံ့လှတူနိုင်ပေါင်၊ ထူးပုံကဆန်းဆိုတာ ဂျုကုန်ထင်ပါ့ကလား။ ဝန်ထောက်မင်းရှိဟု ရယ်မောကာပြောလေရာ ဝန်ထောက်မင်းက ဝန်ထောက်ကတော်ပြောစမ်းပါဦး မင်းဒီမျိုးကို ဘယ်ကရတာလဲဟု မေးလေလျှင် ဝန်ထောက်ကတော်က အောင်ကြီးတော့ အောင်ကြီး ရှင့်လူ အောင်ကြီးကို ယုံလို့ဖြစ်တာ။ ငွေငါးဆယ်ပေးလိုက်ရတယ် သူက ဘယ်လူ့ကိုမှမပြောပါနဲ့ ဝန်ထောက်မင်းတောင် မသိပါစေနဲ့တဲ့ တိတ်တိတ် ခိုးယူရတာမို့တဲ့။ ဒါကြောင့် ရှင်မေးတော့မပြောဘဲ၊ ဘုရားလမ်းကလို့ လိမ်ဆယ်ပြီး ပြောထားတာဟု ပြောလေ၏။

'ဝန်ထောက်မင်း' ဘယ်ပုံ ဒီအကောင်ဆီကရတာလဲ။

အောင်ကြီးက တစ်နေ့ ဦးစံလှကိုလာရှာတယ်။ ဦးစံလှ ဒီတော့မရှိဘူး။ ကျုပ်ကသူ့ယောင်ပေယောင်ပေမြင်တာနဲ့ အကျိုးအကြောင်းမေးကြည့်တယ်။ ဒီတော့ ဦးစံလှကို ပန်းမျိုးပေးမလို့လာတယ်လို့ ပြောတယ်ရှင့်။ ဒီတော့ ဦးစံလှမရှိဘူး။ ကျုပ်ပဲပေးခဲ့တော့လိုဆိုပြီး ငွေ ၅၀ပေးပြီး ယူလိုက်တယ်ရှင့်။ ရှင်ကလည်း အရင်ပြောဖူးတာကိုး၊ ဒါနဲ့မျိုးကိုယူပြီးတော့ သူက ပိတ်သွားတယ်။ဘယ်သူမှမသိပါစေနဲ့တဲ့ ရှင်တောင်မသိပါစေနဲ့တဲ့။ သိပြီလား၊ ရှင့်လူ အောင်ကြီးလုပ်တာဟု ဒေါသနှင့် ပြန်၍ပြောလေ၏။

ထိုအခိုက် ဦးစံလှက တူလေးလေးတူနိုင်ပေါင်ရောင်ပွ လူလုံ့တူနိုင်ပေါင်ဟူ၍ အသံကျယ်စွာဆိုပြန်လေရာ ဝန်ထောက်ကတယ်လေ ဒီခွေးသားကြီး ငှါ်သေနတ်နဲ့ပစ်ပြန်ရော့ဟု ပြောကာ လက်သီးလက်မောင်းတန်းသဖြင့် ဝန်ထောက်ကတော်က မနည်းကြီးဆွဲ၍ထားရလေသတည်း။

တက္ကသိုလ် သိပ္ပံမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၃၃ ခုနှစ်။

❑

mgyoe.com

mgyoe.com

# သစ်ပင်ပေါ်က ယောက်ျား

မြင့်မြင့်သည် တစ်စက္ကန့်အတွင်းမှာ မိမိ၏တစ်သက်တွင်အကြီးဆုံးသော ဆုံးဖြတ်ချက်ကိုပြုရလေ၏။ ထိုဆုံးဖြတ်ချက်သည်ကား ကျဉ်းသောလမ်း၌ ဝမ်းလျားမှောက်ကာ ပထဝီမြေမျက်နှာနှင့် တစ်သားတည်းဖြစ်အောင် ပြားကပ်၍နေရမည်လား။ သို့တည်းမဟုတ်၊ မိမိရှိရာသို့ တရူရူ တစ်ဟုန်တည်း ဆူပူ၍လာသောကားကြီး၏ ဦးခေါင်းထက်သို့ မျောက်ပမာ ခုန်တက်ကာ ဆောင့်ကြောင့်ကလေးထိုင်၍ လိုက်ရမည်လား။ သို့တည်းမဟုတ် အရမ်းကာရော တရကြမ်း ဒရောသောပါး တောလမ်းကြားမှာ ကဆုန်စိုင်း၍ပြေးရမလား... ဟူသော သုံးရပ်သော ရှောင်နည်းများအနက် အဘယ်ရှောင်နည်းကို သုံးရမယ်ဟူသော ဆုံးဖြတ်ချက်ဖြစ်လေ၏။

ထိုသုံးရပ်သော ဆုံးဖြတ်ချက်တို့အနက် စတုတ္ထဆုံးဖြတ်ချက်ကို



mgyoe.com

mgyoe.com

ပြုရလေ၏။ ထိုစတုတ္ထဆုံးဖြတ်ချက်သည်ကား လမ်းနံဘေးချုံထဲသို့ နောက်ကျွမ်းပြန်၍ပစ်ကာ တိုးဝင်၍ရှောင်ခြင်း၏ ဖျတ်လတ်သော နည်းလမ်း ဖြစ်လေသတည်း။

ကြီးသောကားကြီးသည်ကား တစ်စုံတစ်ရာကိုမျှမသိဘဲ တစ်ရှိန်တည်း လွန်၍သွားလေ၏။ မြင့်မြင့်လည်း ချုံထဲမှထွက်ကာ အင်္ကျီထဘီ၌ ကပ်လျက်ရှိသော အမှိုက်တို့ကို ပုတ်ခတ်ခါ လွန်၍သွားသောကားကို နောက်မှနေ၍ကြည့်မျှော်ရင်း ဆဲဆိုရေရွတ်၍ နေဟန်ရှိလေ၏။ ထိုနောက်မှာ ထဘီကိုပြင်၍ဝတ်ကာ ဝတ်ပုံနေရာတကျရှိမရှိကို ကျော့ရှင်းသော ကိုယ်ခန္ဓာကိုယ် လုံးလုံးတစ်တစ် နစ်နစ်ထစ်ထစ် စင်းစင်းဖြောင့်ဖြောင့် တောင့်တောင့်မတ်မတ် ပြတ်ပြတ်မကသာသာမျှ မြင့်မြင့်ကလေးကို ဘယ်ပြောင်းညာပြန်ကိုင်းဟန် ယိမ်းဟန်ဖြင့် အပြန်အလှန်ကြည့်၍နေလေ၏။ သို့ ကြည့်ခိုက်မှာ ဖြူစင်တောက်ပ မှန်ရောင်ထသော အင်္ကျီပါးကလေး၏ အနားအောက်မှ၊ ဖြူဝင်းသော ခါးကလေးမှာ နံနက်ခင်းသစ်ကိုင်းကြားမှ သက်ဆင်း၍လာသော နေခြည်ရောင်တွင် လင်းခနဲ၊ လက်ခနဲ၊ ကွက်ခနဲ ဖြစ်၍နေလေ၏။ ဖရိုဖရဲ ဦးခေါင်းမှ မင်ရည်ကိုလောင်းချ၍ ကိုယ်တစ်ခြမ်းလုံး ခြေမျက်စေ့အထိရွှဲ၍နေသော အသွင်ကို ဖြစ်စေလောက်အောင် မောက်ထောက်ရာမှ ပြေကျသောဆံပင်မှာဝါဝင်းသော သစ်ရွက်တွေ ကပ်တွယ်၍ လာလေရာ၊ လှုပ်ရှားတိုင်း ယဉ်ကျေးဖွယ်ရာသော ပျော့ပျောင်းသော လက်ကလေးများနှင့် ကိုင်လှုပ်၍ကာ ကပျာကယာ ကပိုကရို၊ ဘီးကူ၍မလျှို့ပဲ ပတ်လိုက်လေရာ ပြည့်ဝပြေပြစ်လျက်လှပသော ဦးခေါင်းနဖူးလည်တိုင်တို့နှင့် အချိုးအစားမျှသော ခပ်ပွပွ ကပိုကရို ဆံထုံးမို့တမို့မှာ ဆံညှပ်ဆံထိုး အပိုမခိုဘဲ၊ အလိုလိုမြောက်၍လာလျက် တင်းတင်းကပ်ကပ် စစ်စီးသရိုး ကိုင်သလို မချပ်သောဆံပင်ဆံနွယ်တို့မှာလေထဲတွင် ကကြခုန်ကြမြူးပျံကြလျက်၊ သက်တံရောင် ၇မျိုးကို အမျိုးမျိုးရောစပ်ခါ လွှတ်ကြလေ၏။ ထိုကဲ့သို့ ကပိုကရို ဒေါသနှင့်အိုလျက်၊ နီသလိုလို မျက်နှာနှင့်နေခိုက်မှာ တစ်စုံတစ်ယောက်သော ယောကျ်ားပျိုမြင်မိချေက၊ ရုပ်ပါရုံကျော့ကွင်းမှာ အရှင်လတ်လတ်

mgyoe.com

mgyoe.com

အမိခံရဖို့ရှိလေ၏။ တစ်ဖန်စိတ်မကျေနပ်သဖြင့် ထဘီကိုသာ၍ ချုပ်ချုပ်ရပ်ရပ် ဖြစ်အောင် ထပ်မံ၍ဖြည်ကာပတ်ခိုက်မှာ ထိတ်ကနဲ ဖြစ်၍သွားလေ၏။ သို့ဖြစ်ဖို့ရန် အကြောင်းသည်ကား အခြားမဟုတ်။

"မြင်ဖူးပါရဲ့။ ဒီလောက်ကြည့်ကောင်းတဲ့ နောက်ကျွမ်းတော့ တစ်ခါမှမမြင်ဖူးသေးဘူး"ဟူသော စကားဖြစ်လေ၏။

မြင့်မြင့်သည်တောင်မြောက်လေးပါးကို ကြည့်ရင်းအံ့အားသင့်လျက် ရှက်ကိုးရှက်ကန်းဖြစ်၍ နေလေ၏။

အသံ၏ပိုင်ရှင်ကိုကား အဘယ်မှာမျှ မမြင်ရချေ။ သို့ဖြစ်၍ သာလွန်အံ့ဩ၍နေလေ၏။

"မိန်းမဆပ်ကပ်ထောင်ရရင် ကြည့်ကြမှာပဲ"

ဟု ထပ်မံ၍ပြောသော အသံကိုကြားရပြန်လေရာ။ ထိုအသံမှာ ရှေ့နောက်ဝဲယာ၊ မြေမှမလာ မိုးကလာသဖြင့်၊ မော်၍ကြည့်လိုက်လေရာ သစ်ပင်ခွကြားတစ်ခု၌ထိုင်လျက်၊ လက်ဖက်ရည်သောက်၍နေသောသားနား ရွှင်ပြုံးသော ယောက်ျားပျိုတစ်ယောက်ကို မြင်ရလျက် ဒေါသနှင့် နှုတ်ခမ်းစူပြီး လူများကိုလှောင်စရာ မှတ်လို့လားဟု ပြောလိုက်လေ၏။

"မလှောင်ဝံ့ပေါင် ခင်ဗျား၊ လက်ဖက်ရည်ကလေးများ သောက်ပါလား"

"တော်ပါ၊ လက်ဖက်ရည်ငတ်တယ်မှတ်လို့လား"

"ဝတယ်ဆို ဝမ်းသာပါတယ်။ ဘယ်ကိုသွားမလို့လဲ"

"ဘယ်သွားသွား၊ ရှင့်အပူလား"

"စပ်စပ်ဖာဖာ ယောက်ျားတစ်ယောက်လုံးမော်ကြည့်ပြီး ရှင်အပူလားလို့ မေးမေးတတ်ပလေ။ လက်ဖက်ရည်တစ်ခွက်သောက်ရပါသေးတယ်။ မပူသေးပါဘူး။

"ရှင်ဘယ့်နှယ်လူလဲ"

" ချုံထဲနောက် ကျွမ်းထိုးဝင်တယ်သူမျိုးလိုတော့ ဘယ်ဟုတ်မလဲ။ ဒီကသစ်ပင်ပေါ်တက်ပြီး လက်ဖက်ရည်သောက်တဲ့ လူမျိုးပေါ့မျောက်တော့

mgyoe.com

mgyoe.com

မဟုတ်ပါဘူး။ အထင်မမှားပါနဲ့။ အမြင်သားပဲ"

"ရှင်အင်မတန် စကားများတယ်၊ ဘယ်ကလဲ"

"ဒီသစ်ပင်ခွကြားကပေါ့"

"ဒီပင်ခွကြားကိုရောက်အောင် ဘယ်ကလာတာလဲ"

"သစ်ပင်အောက်ကလေ"

"ရှင့်အိမ်ကိုမေးတာ"

"အိုဒါတော့ တဖြည်းဖြည်း သိရရောပေါ့"

"နောက်တွေ့ကြဦးမှာပဲ"

"အလိုလေး ဟင်းအိုးမှအားမနာ အခု ရှင်ဘာလုပ်နေတာလဲ"

"လက်ဖက်ရည်သောက်နေတာ"

"ဘာဖြစ်လို့ သစ်ပင်ပေါ်တက်သောက်ရတာလဲ"

"အိုဒီလိုပေါ့၊ ဒီအချိန်မှာ ဒီသစ်ပင်ပေါ်ရောက်နေကြပဲ"

"ဘာဖြစ်လို့ ရောက်တာလဲ"

"မင်းဒီလမ်းႏ လျှောက်လျှောက်သွားတာ မြင်ရလို့"

မြင့်မြင့် ရှက်ကိုးရှက်ကန်းဖြစ်၍ သွားလေ၏။

"ပြီးတော့လည်း လက်ဖက်ရည်သောက်တဲ့ အချိန်ဖြစ်လို့ လက်ဖက်ရည်နဲ့ ဘီစကွတ်သောက်ရတာလဲ ငြီးလို့"

"ဘီစကွက် ညီးတော့ အခုဘာနဲ့သောက်သလဲ"

"အခုလား အခုလေ။ ရှုပါရုံဆိုတဲ့၊ နို့ဘီစကွတ် ထောပတ်သုတ်ကလေးနဲ့လက်ဖက်ရည်နဲ့ မြည်းနေတယ်။ ဒါမှ တကယ်ကောင်းတာ ဒီအကောင်းကိုတွေ့တာ ငါးရက်ခြောက်ရက်ရှိပြီ"

မြင့်မြင့်သည် ဘာ့ကိုဆိုလိုသည်ဟူသော အကြောင်းကို သိလေ၏။ အကြောင်းမှုကား ထိုလမ်းကို နံနက်တိုင်း ထိုအချိန်၌လျှောက်ခဲ့သည်မှာ ငါးရက် ခြောက်ရက်ကြာခဲ့သည်မှာ အခြားကြောင့်မဟုတ်၊ မိမိ၏တပည့်မကလေးတစ်ယောက်ကို အင်္ဂလိပ်စာသွား၍ ပြရခြင်းဖြစ်လေ၏။

မြင့်မြင့်မှာ ဆယ်တန်းမှထွက်ပြီး ဖခင် ဦးအော အရိုး ဒေါ်ကြယ်

mgyoe.com

 mgyoe.com 

တို့နှင့် ငြိမ့်ငြိမ့်ကလေးနေရသူဖြစ်လေ၏။ ကြို့ကုန်းရပ် လူကုံထံတို့မှာ ကိုယ်အိမ်နှင့် ကိုယ်ခြံနေကြရလေရာ မြင့်မြင့်မှာ ပျင်းရိငြီးငွေ့သဖြင့် လခမရဘဲလျက်၊ တပည့်မလေးတစ်ယောက်ကို သွားရောက်သင်ပေးခြင်းဖြစ်လေ၏။ ထိုတပည့်မကလေးမှာ အငြိမ်းစားဝန်ထောက် ဦးထွား၏သမီး ခင်ရွှေဖြစ်လေရာ ခင်ရွှေမှာ ပီယာနိုအတီးကောင်းသူဖြစ်သဖြင့်၊ ၎င်းခင်ရွှေထံပီယာနိုကိုသင်ရသောကြောင့် မပျင်းမရိအချိန်မှန်သွားခဲ့ခြင်းဖြစ်လေ၏။

"ရှင်ဘယ်လိုမိန်းကလေးမှတ်လို့ ရိသဲ့သဲ့ပြောတာလဲ"

"ချောမောလှပဂုဏ်ကျက်သရေနဲ့ ပြည့်ဝသမို့အထူးအမြတ်ထင်လို့ ရိသဲ့သဲ့မဟုတ်ထိ တည့်တည့်စွန့်ပြောရတာပါ။ ငါးရက် ခြောက်ရက် အပင်ပန်းခံပြီးစောင့်ရတာ အခုအကျိုးနပ်တာပဲ။

မြင့်မြင့်သည် မျက်နှာကို မမော်ဘဲ မျက်နှာကို ရှေ့၌ ခတ်စိုက်စိုက်ထားပြီး မျက်ဖြူဆိုက်ကာ မော်၍ ကြည့်လိုက်ရာတွင် ကြည်ဖြူချိုသွင်လာသောအသွင်ကို ဖျောက်၍မရဘဲနေလေ၏။

"မျက်ဖြူဆိုက်လေ ဆရာကြိုက်လေပါပဲ"

"ရှင်သိပ်ရဲတယ်"

"ကြောက်လွဲ ရဲရင်လင်ဖြစ်"

"ဘာ ဘာ ဘာ ပြောတယ်"

"ကြောက်လွဲ ရဲလျှင်ဖြစ်လို့ပြောပါတယ်။ ဘာမဆိုရဲလျှင် ဖြစ်တာပြောတာပါ"

"ရှင်အင်မတန်တတ်နိုင်တဲ့လူ"

"ကပ်မှမကပ်ရသေးပါဘူး၊ အမိရယ်။ ကပ်နိုင်တယ်လို့ ကြမ်းကြားလေကြား"

"ရှင့်ကို ကျမနိုင်မှာ မဟုတ်ပါဘူး"

"ယောကျ်ားကိုး နို့ပေမယ့် အားမလျှော့ပါနဲ့ အရှုံးပေးပါ့မယ်၊ ပြောသာပြောပါ"

"ရှင့်အရှုံးလည်း မလိုချင်ပါဘူး"

mgyoe.com

"မလိုချင်ရင်သာနေရမယ် ရှုံးတာ ငါးရက်ခြောက်ရက်တောင်ကြာနေပါပြီ"

"ဘယ်လိုရှုံးတာလဲရှင့်"

မလာပါဘူး၊ မလာပါဘူး၊ မကြည့်လိုပါဘူး။ မမြင်လိုပါဘူး။ အရုပ်ဆိုးမကလေးပါ အရုပ်ဆိုးမကလေးပါ..."

"အမယ်အမယ်ကြည့်ပါဦးရှင်၊ မြင်ပါဦးရှင် အရုပ်ချောကြီးကလေး"

"အို့တကတည်း လောကြီးလိုက်တာ စကားလိပ်ပတ်လည်အောင်နားထောင်ပါဦး ငါ့စကားနွားရ မပြောပါနဲ့သည်းခံပါ။ သည်းခံပါ"

"နို့ ရှင်ကမကြည့်ချင်ဘူး၊ မမြင်ချင်ဘူးဆို"

"ဒီလိုပါလေမကြည့်ချင်ပါဘူး။ မမြင်ချင်ပါဘူး၊ အရုပ်ဆိုးမကလေးပါလို့။ ဒီကကိုယ်ကို အမြဲတရားချကာစိတ်ကို တင်းပေမယ့်၊ တင်းလို့မရရှုပါရုံစစ်ပွဲမှာ ရှုံးတာကိုပြောမလို့ပါ။ တကတည်း စကားဦးသန်းလိုက်ထာစကားဦးမို့ပေါ့ စစ်ဦးများသန်းရင် ဒုက္ခပဲ။ ဒါထက်လက်ဖက်ရည် သောက်ရအောင်"

"သောက်ပါရှင် ကျေးဇူးတင်ပါတယ်"

"နိပ်ဟဲ့တစ်လုံး ဒီလိုဖြင့် တဆိတ်ဟိုလဲနေတဲ့ လှေကားကလေးသစ်ပင်မှာကပ်ပြီးထောင်ပေးနိုင်ရင် သတ္တဝါတစ်ယောက်ကို ကယ်ဆယ်တာလိုပါပဲ"

မြင့်မြင့်သည် အနီးအပါးကို ကြည့်လေလျှင် လဲ၍နေသော လှေကားငယ်တစ်ခုကို မြင်ရသဖြင့် အလိုကျွန်မရှင်ကိုတော်တော် အတက်ကျင်လည်တယ် မှတ်ထင်မိတယ်၊ တကယ်လားဟု ပြောလေ၏။

ဒီလောက်တော့ အစွမ်းမကောင်းသေးပါဘူး။ တစ်ဆိတ်မသွားပါနဲ့ဦး။ ထောင်ရုံကလေး ထောင့်ပေးပြီးမှ သွားစရာရှိရင်သွားပါ"

"အမယ်တော်တော့ ရှင်အင်မတန်စကားများတယ်။ ထောင်လည်းထောင်မပေးဘူး။ စကားလည်း မပြောချင်ဘူး"

"အို – ဒီလိုလည်း မလုပ်ပါနဲ့လေ ထောင်ရုံကလေး ထောင်ပေးပြီး

mgyee.com

mgyoe.com
သွားချင်ရာကို သွားပါ အခွင့်ပြုပါသည်"

မြင့်မြင့်သည် စဉ်းစား၍နေလေ၏။ လှေကားကို ထောင်ပေးရင်း ဒီလူဟာ အရောတဝင်ဖြစ်တော့မှာပဲဟုတွေးမိ၏။ သို့သော်လည်း လူတို့ ဓမ္မတာ တစ်စုံတစ်ယောက်မှာ အခက်အခဲကြုံတွေ့လျှင် တတ်နိုင်သောနည်း ဖြင့် ကူညီရသောဝတ္တရားရှိသည်ကို ဆင်ခြင်လျက်ထောင်၍ မပေးပဲနေရ မှာ ခက်လျက်နေလေ၏။ ထောင်မပေးဘဲသွားရလျှင် လွန်စွာရိုင်းရာ သို့ကျဖို့ရှိလေ၏။သို့ဖြစ်သောကြောင့် တစ်စုံတစ်ရာမပြောဘဲ လှေကားကို ထောင်၍ပေးလေရာ ယောကျ်ားပျိုသည် လှေကားထိပ်ကိုဆီး၍ကိုင်ပြီး တခါတည်းမျောက်လို ကြောင်လို အောက်သို့ဆင်းရောက်၍လာပြီး မြင့်မြင့် ၏ အပါးမှာရပ်လျက် ကံကြီးလို့ပဲ။ အရှောင်ကောင်းပေလို့ မကောင်းများ မကောင်းရင် ယနေ့နံနက်ဒီနေရာမှာ အုပ်အုပ်ကြွက်ကြွက်နဲ့ အတော်ကိစ္စ များဖို့ပဲ။ ဒါထက် မတော်တဆ တစ်ခုခုဖြစ်သွားရင် သိပ်နှမြောကြမှာပဲ။ ကားသမားကလည်း သိပ်ရမ်းတဲ့ကားသမား ဘယ်ကအကောင်လည်း မသိ ဘူး"

"သိပါတယ် သေမင်းငင်ကြီး၊ လူကိုတောင်မမြင်ဘူး"

"ဘယ်သူလဲ"

"ပွဲစား ကိုဘိုးထူးပါ။ သူ့အလုပ်ဒါပဲ၊ မော်တော်ကားနဲ့သလားနေ တာပဲ"

"ဒီလိုဖြင့် အသိမိတ်ဆွေထဲကပေါ့"

"အသိမိတ်ဆွေလည်းမကဘူးရှင့်"ဟု ထူးခြားသောမျက်နှာကလေး နှင့် မြင့်မြင့်က ပြောလေ၏။

"ဘယ်လိုမကတာလဲ"

"အလကားလူကြီး။ သိပ်အပိုးသန်တာ အခု သူ ကျွန်မတို့အိမ်ကို သွားမလို့"

"အော် ... ဒါကြောင့် မမြင်နိုင်တာကိုး"

"မတွေ့ချင်လို့ ရှောင်လာတာလား"
mgyoe.com

"ရှောင်လာတာတော့ မဟုတ်ပါဘူး၊ မတွေ့ချင်ပေမယ့် တွေ့ရတော့ မလိုဖြစ်နေပါပြီ"

"ဟင် ဆိုစမ်းပါဦး၊ မကြိုက်မနှစ်သက်သောသူနှင့် ပေါင်းရခြင်းဟာ ဒုက္ခတဲ့"

မြင့်မြင့်သည် ထိုယောကျ်ားပျိုကို အနီးကပ်မြင်ရသောအခါ ငေါ့ထောင်သောစကားများကိုသုံးလိုသော စိတ်တို့သည် ပပျောက်၍သွား၏။

ထို့အပြင် မချစ်မနှစ်သက်သူ တစ်ယောက်ကို ယူရတော့မည်ဖြစ်သော မိမိ၏ဒုက္ခအကြောင်းကို တစ်ယောက်ယောက်အား ပြော၍ပြရမှ စိတ်လက်ချမ်းသာဖို့ရှိလေ၍ ထိုယောကျ်ားပျိုအား ပြောပြဖို့ရန် စိတ်သည် ပို၍သည်းထန်လေ၏။ သို့ဖြစ်လေရာ

"ဒီလိုတော့လည်း မဟုတ်ပါဘူး။ လူကတော့ လူကောင်းပါပဲ"

"ကောင်းတာ မကောင်းတာ အရေးမကြီးဘူး။ အိမ်ထောင်မှုဆိုတာ အင်မတန်အရေးကြီးတာနော်၊ မြင့်မြင့်ချင်း နှမကလေးလိုအောင့်မေ့လို့ ပြောတာ၊ ကိုယ်တိုင်ကမေတ္တာမရှိဘဲ လူကြီးများ နေရာချထားလို့ယူရရင် နောင်ခါကျတော့ အများကြီး စိတ်မချမ်းသာဖြစ်တတ်တာမျိုး၊ လူ့ ဘဝမှာ အချစ်ထက်အရေးကြီးတာ ဘာရှိသေးသလဲ။ အယ်ဂျူကေးရှင်းရှိတယ် မဟုတ်လား"

"ဆယ်တန်းအောင်ပါတယ်။ နို့ပေမယ့်"

"ဆယ်တန်းအောင်ရင် ပိုက်ဆံရှိတဲ့ယောကျ်ားကို ယူဖို့လိုသေးသလား။ ကိုယ့်ဘာသာ ကိုယ်လုပ်ကိုင်ကြံစည် အသက်မွေးနိုင်သားပဲ"

မြင့်မြင့်သည် ယောကျ်ားပျို၏ တည်သောမျက်နှာထားကိုကြည့်ကာ အားတက်၍လာလေ၏။ တွေ့စဦပင် ရုပ်ရည်အစွဲခြင်းငြိကြလေရာ၊ မြွေမြွေချင်း ခြေမြင်သလိုဖြစ်ခဲ့လေ၏။ ယခုသည်ကား ခေတ်ကာလပညာသည် မိန်းကလေးများ၏ ဖော်ရွေပုံနည်းလမ်းအတိုင်း အကျွမ်းတဝင်ဖြစ်စပြုလေ၏။

ကျွန်မလည်း စဉ်းစားတာပဲ၊ နို့ပေမယ့် ကျွန်မဖေဖေမှာအတော်ပဲ

mgyoe.com

 mgyoe.com 

ငွေကြေးအတွက် အခက်အခဲကြုံနေတာမို့ ကျွန်မ သူကျပ်တာကို မကြည့်ချင်တာနဲ့ ဖြစ်လိုရာ ဖြစ်စေတော့လေ ဒီအဖေကြီး စိတ်ချမ်းသာရင်တော်ပါပြီလို့ အောက်မေ့ပြီး လိုက်လျောရတော့တာပဲ။ အရီးကတော့ မယူမနေရဘူးဆိုတာကို အတင်းအကျပ်လုပ်နေတာပဲ"

"ဘယ်သူက ဘယ်လောက်ပဲတင်းတင်း ဒီကိစ္စဟာကိုယ်တိုင်နဲ့ဆိုင်တဲ့ကိစ္စ၊ လူကြီးတွေက တော်တော်ကြာရင် မျက်နှာလွှဲသွားကြမှာ။ ကျန်ရစ်သူများမှာသာ တာရှည်လောက ငရဲခံနေရစ်ကြမှာပဲ။ လောကငရဲထဲမှာလည်း အိမ်ထောင်နဲ့ဆိုင်တဲ့ ငရဲဟာအဆိုးဆုံးပဲ။

မြင့်မြင့်သည် စဉ်းစား၍နေလေ၏။ ဒီလူဟာ သူ့အတွက်ပြောနေတဲ့ အမှုအရာလက္ခဏာမပါဘူး။ ငါ့ကိုတကယ်သနားလို့ ပြောတာနဲ့တူတာပဲဟု တွေးလေ၏။

ထိုအခိုက်တွင် အရီးဖြစ်သူ ဒေါ်ကြယ်ဖြတ်၍လာရာ၊ ၎င်းတို့နှစ်ယောက် စကားပြောနေကြသည်ကို တွေ့လေ၏။

"ဟင်... မြင့်မြင့် ညည်းမနက်တိုင်း စာပြလာတာ ဒီမှာလား"

"မဟုတ်ပါဘူး အခုလမ်းကြုံလို့ ကျွန်မတို့ကျောင်းနေဘက်အထိပါ"

"ကျောင်းနေဘက် အသိလား မသိသူလားဆိုတာကို အဒေါ်မေးတာမဟုတ်ဘူး။ ဒီနေ့ရာဟာ စာပြတဲ့နေရာလားလို့ အဒေါ်မေးတာ"

"စာဆိုတာ လမ်းကြိုလမ်းကြားမှာ ပြရတယ်လို့ အဒေါ်ကို ဘယ်လူပြောသလဲ"ဟု ယောကျ်ားပျိုက ပြောလေ၏။

"အဒေါ် မင်းကိုမေးတာမဟုတ်ဘူး။ အဒေါ်တူမကိုမေးတာ ဝန်ထောက် ဦးအေးရဲ့သမီး ဒီကအရီးအရင်း သည်အတွက် စုံစမ်းရတယ်။ ညည်းအခုအိမ်ကိုပြန် ယနေ့ကစပြီး ဘယ်စာမှသွားမပြနဲ့၊ အိမ်မှာငြိမ်သည်ရောက်နေတယ်။ ညည်းကလည်နေသလား အခုပြန်ပါ။

"ကျွန်မပြန်ပါ့မယ် အရီးရယ်၊ ဒီလောက်တောင်မဆူပါနဲ့။ ကျွန်မဘာမှမဖြစ်ပါဘူး။ အရီးတို့ ရှေးလူကြီးတွေလို ကျွန်မတို့ကို မအောက်မေ့ပါနဲ့၊ တခြားမသိမလိမ္မာတဲ့ အမျိုးသမီးကလေးများနဲ့လဲ နှိုင်းဖို့မရှိပါဘူး။

mgyoe.com

mgyoe.com

ကျွန်မတို့သင်လို့ရတဲ့ ပညာဟာ၊ ကျွန်မတို့မှာလုံလောက်တဲ့ အထိမ်းဖြစ်ပါတယ်။ အရိုးတိုလိုလူကြီးတွေ၊ နေရာတိုင်းမှာ ဝင်ပြီးပူပင်နေဖို့ဘာမှ မရှိပါဘူး"ဟု ပြောပြီး မေးကိုမော့လျက် ထွက်၍သွားလေ၏။

ဒေါ်ကြယ်သည် ဝန်ထောက်မင်းအား မိမိတွေ့ရပုံအကြောင်းကို ပြော၍ပြလေ၏။ ဖခင်ဝန်ထောက်မင်းသည်ကား၊ များစွာဂရုမစိုက်ဘဲနေလေ၏။ အကြောင်းမူကား မိမိ၏သမီးအတွက် ယုံကြည်စိတ်ချပြီး ဖြစ်လေ၏။ ကိုးတန်း ဆယ်တန်းရောက်အောင်ပညာသင်ပေးထားတာ ဒီလိုကိစ္စအသေးအဖွဲကလေးတွေမများရအောင်သင်ပေးထားတာပဲဟုပြန်၍ပြောလေ၏။

ထိုနေ့မှစ၍ မြင့်မြင့်နှင့် ယောကျ်ားပျိုသည် ဆက်လက်၍ နေ့စဉ်တွေ့ကြလေ၏။ ထိုယောကျ်ားပျို၏နာမည်မှာ မောင်လင်းဖြစ်ကြောင်းကိုလည်းကောင်း၊ ကျောင်းပိတ်၍အားလပ်စွာ ထိုလမ်းအနီးခြံကြီးမှာနေကြောင်း သိရလေ၏။

ထိုခြံကြီး၌ ကြီးသော အိမ်ကြီးရှိလေ၏။ ၎င်းအိမ်ကြီးမှာ လူသူတစ်စုံတစ်ယောက်ရှိသည်ဟု မကြားရချေ။ သူဌေးတစ်ယောက်သေဆုံးပြီးနောက်၊ တစ်စုံတစ်ယောက်ကြွေးနှင့် သိမ်းထားသလိုလိုသာကြားရလေ၏။

"မြင့် ရှင်ဒီခြံကြီးထဲက အိမ်မှာနေသလား"

"မနေပါဘူး ဒီခြံကိုရထားသူက အသိဖြစ်လို့၊ ဆိတ်ငြိမ်စွာ စာများကျက်ချင်ရင်နေနိုင်ကြောင်း ပြောလို့လာနေတာပါ"

"ကျောင်းပိတ်ထားတယ်ဆို၊ ဘာပြုလို့ စာကျက်ရသလဲ"

"ကျောင်းပိတ်တဲ့အခါမှ စာကျက်ဖို့ သေသေချာချာစာသင်လို့အချိန်ရတာပဲ။ ကျောင်းဖွင့်တဲ့အချိန်များမှာတော့ ကျောင်းတက်ရတာနဲ့ ပညာဘက်မလိုက်စားရဘူး"

"အော်..အော် ဒါလဲဟုတ်ပါရဲ့ ကျောင်းများမှာ ကျောင်းအလုပ်များတာပဲ။ အခု ဘယ်အတန်းလဲ"

အိုင်အေဂျူနီယာတန်းပဲ။ အခု ကျက်တာကတော့ အိုင်အေအတွက် မဟုတ်ပါဘူး။ အိုင်စီအက်ဝင်ဖို့ သက်သက်စာအပိုကျက်နေတာပေါ့။

mgyoe.com

mgyoe.com

အကယ်၍ အိုင်စီအက်ကိုအောင်နိုင်လောက်ရင် တခြားစာမေးပွဲတွေ ဝင်ဖို့ မလိုပါဘူး"

"ဒါထက် အင်္ဂလန်ကဝတ်လုံဖြစ်ပြီး ကမ္ဘာလှည့် ပြန်လာတယ် ဆိုတဲ့ သူဌေးသား ဘယ်လူဆို တစ်နေ့က သတင်းစာမှာပါတယ်လို့ ပြောကြတယ်။ ကြားပါသလား . . . "

"ကြားလိုက်ပါတယ်။ မြန်မာပြည်မှာတော့ ကမ္ဘာလှည့်တယ်ဆိုရင် ဆန်းတာပေါ့လေ၊ ကုလားကမ္ဘာလှည့်သမားတွေကတော့ အိန္ဒိယမှာပြည့် လို့တဲ့"

"ယောကျ်ားကလေးများတော့ သင်တိုင်းပေါက်သွားတိုင်း ရောက်တာပဲ"

"မိန်းမကလေးကော ဘာပြုလို့မပေါက်နိုင်ရသလဲ"

"မိန်းကလေးတွေ စွန့်ရင်လည်းဖြစ်တာပဲ။ ငါမိန်းမပဲ အလကားပဲ။ အသုံးမကျပါဘူး၊ ယောကျ်ားလိုတော့ ဘယ်တော့မှဖြစ်မှာမဟုတ်ပါဘူးဆိုတဲ့ စိတ်ကြောင့် မိန်းမတွေအောက်ကျနေတာ၊ ဒီစိတ်တွေကြောက်ရင်ဘာမှ အောက်ကျဖို့ မလိုပါဘူးဟု ပြောလေ၏။

ထိုအခိုက်တွင် အရီးဖြစ်သူပေါ်၍လာပြန်လေ၏။ မြင့်မြင့်ကို ဒေါသမောဟနှင့် ဆူပူသောင်းကျန်းပြောဆို၍ ခေါ်သွားလေ၏။

အိမ်သို့ရောက်သောအခါ ဝန်ထောက်မင်းကို တိုင်လေ၏။

ဒီကောင်မကို ဒီလိုထားလို့ ဖြစ်မှာမဟုတ်ဘူး။ တစ်မျိုးလုံး အရှက်ခွဲမဲ့ကောင်မ ဒင်းအရီးအဒေါ်များဘက်ကို တစ်ဖြုတ်တည်းလိုက်တူတာပဲ။ လူကြီးများက ကောင်းရာကောင်းကြောင်း စီမံနေခိုက်မှာ၊ ဒီလိုခြံခုန်ရင် နောင်ဘယ့်နှယ်လုပ်မလဲ။ မောင်ဖိုးထူးကလေးကဖြင့် ရွှေပေါ်မြတင် အင်မတန်တင်ပြီး၊ ဂရုစိုက်လိုက်ရတာ၊ ဒီကနေ့မနက်ပဲ စိန်လက်ပတ်နာရီ တစ်လုံးလာပေးသွားတယ်။ မောင်ဖိုးထူးလည်းသွားရော ဟိုအကောင်ဆီ ရောက်နေတာပဲ။ ဒီအကောင် ဘယ်သူ့ဘယ်ဝါသားသမီးလဲ ဘာလုပ်သလဲ ဆိုတာသိရတာမဟုတ်ဘူး။ လူကြားရင် ဒါအရှက်ကွဲဦးမှာ၊ ဒီကောင်မကို

mgyoe.com

mgyoe.com

နိုင်အောင် မစီမံတော့ဘူးလား။ အဖေလုပ်သူကလည်း တုန်ဏှိုပေါ့။ ဒီသမီးမျိုးနဲ့ ဒီအဖေမျိုးတွေ့ပဲ မတွေ့ဘူးပါဘူးဟု ပြောလေ၏။

ဖခင်ဖြစ်သူက နှမဖြစ်သူ၏ ဆူသံပူသံကြားရသောအခါ သတင်းစာကြည့်ရာမှ နားစွင့်၍နေပြီး၊ စကားပြိုင်၍ပြောလျှင် ရှုံးမှာသိသဖြင့် မပြောဘဲနေလေ၏။

(မြင့်မြင့်) "တော်ပါအရီးရဲ့။ ကျွန်မဒီပွဲစားကို ဘယ်တော့မှယူမယ် မဟုတ်ဘူး။ အရီးဘယ်လိုကြံကြံ မောရုံရှိမှာပဲဟု ပြန်ပြောလေ၏။

"ပွဲစားကို ဘာယူချင်မလဲ။ ချမ်းသာမှာကိုး။ သဌေးကတော်ဖြစ်မှာကို ကြောက်တယ်။ စာရေးကတော်ဖြစ်ပြီး၊ မနက်ချောက်ချက် ညချောက်ချက်မျိုးထဲရောက်မှ ပျော်မှာကိုး"

"ဒါအရီးအပူမဟုတ်ဘူး"

"ငါသိတယ်။ ညည်းဘယ်အတွက် ဒီစကားတွေကို ပြောသလဲဆိုတာ ငါမြင်တယ်၊ တွေ့နေမှကိုး"

"ဘာတွေ့နေတာလဲ။ လူတွေ့တိုင်းနဲ့ သူများကို မပေးစားပါနဲ့၊ အရီးတို့ ငယ်ငယ် ဒီလိုပဲလား၊ ကာလသားကလေးတစ်ယောက်နဲ့ စကားပြောမိရင်ညားရောလား"

"ဒီအကောင်ကြောင့် မဟုတ်ရင် ညည်းဘာလို့ မောင်ထူးကလေးကို မလိုချင်ရတာလဲ။ သူ့ခမျာစုံမက်ရှာလွန်းလို့ အခုမှ ဒီလိုလုပ်ရင် လူကြီးတွေမျက်နှာကို အိုးမည်းသုတ်သလိုမနေဘူးလား စသည်ဖြင့်ပြောဆိုရေရွတ်လေ၏။

ထိုအခိုက်တွင် ချစ်တီးတစ်ယောက်ရောက်လာလေ၏။ ဝန်ထောက်ကြီးအငြိမ်းစားယူပြီးနောက် ဆန်စက်တစ်ခုကို ငှား၍ အလုပ်လုပ်ရာ ငွေလိုသဖြင့် ၎င်းချစ်ထီးထံမှ ယူဖူးသဖြင့် အလုပ်မှာအစိုးရအမှုထမ်း အငြိမ်းစားတို့ဖြစ်တတ်သည့်သဘာဝအတိုင်း၊ အောက်လက်သားများက ဝိုင်း၍လိမ်ကြခိုးကြသဖြင့် ချစ်တီးကြွေးအဖတ်တင်၍နေခြင်းဖြစ်လေ၏။

"ကြည့်စမ်း အခု ညည်းအဖေဖြစ်ပျက်နေတာတွေ မောင်ထူးမကယ်

mgyoe.com

mgyoe.com

ရင်၊ ဒီအိမ်မှာတောင်နေနိုင်ကြတော့မှာမဟုတ်ဘူး။ ညည်းဒါတွေကို သိရဲ့လား”ဟု ဆူပြန်လေ၏။

ဝန်ထောက်ကြီးက “ငါ့သမီးကိုဟယ် ဒီလောက်စိတ်ညစ်အောင် မပြောမဆိုပါနဲ့လေဟယ်၊ငါ့မှာကြွေးတင်တာ၊ ငါ့သမီးအပြစ်မဟုတ်ပါဘူး” ဟု ပြောသဖြင့် အရီးဖြစ်သူမှာ ငြိမ်၍နေလေ၏။

နောက်တစ်နေ့သတင်းစာတွင် အောက်ပါစာခေါင်းနှင့် သတင်းပါရှိလေ၏။

ပျောက်နေသော ကမ္ဘာလှည့်သူကို တွေ့ရခြင်း။

များမကြာမီက အင်္ဂလန်ပြည်၌၊ ဝတ်လုံတော်ရအတတ်ကို သင်ပြီးနောက် ကမ္ဘာကိုသုံးနှစ်ကျော် လှည့်လည်ပြီးမှ မြန်မာပြည်သို့ရောက်လာသော ဝတ်လုံတော်ရမောင်ဖေထွန်းသည် ရန်ကုန်မြို့၌ မည်သူ့ကိုမျှအတွေ့မခံဘဲ ပျောက်ကွယ်၍နေသဖြင့် မိတ်ဆွေများ လိုက်လံရှာဖွေရာ၊ ယခုအခါ အင်းစိန်ကြို့ကုန်သူဌေး ဦးအံ့ကြီး၏ခြံ၌ဆိတ်ငြိမ်စွာ တစ်ကိုယ်တည်းနေသည်ကို တွေ့ရှိပြီဖြစ်ကြောင်း စုံစမ်းတွေ့ရှိရသူအား မောင်ဖေထွန်းက မိမိထပ်မံ၍ ရှောင်ရှားတော့မည်မဟုတ် အတွေ့ခံပါတော့မည်ဟု ကတိထားကြောင်း၊ထိုကဲ့သို့ ရှောင်ရှားနေခြင်းမှာ ဧည့်သည်များ မပြတ်မလပ်လာကြသဖြင့် ခေတ္တခဏဆိတ်ငြိမ်စွာနေလိုသောကြောင့် ရှောင်ရှားခြင်းဖြစ်သည်ဟု မောင်ဖေထွန်းကပြောကြောင်းများနှင့် ကျန်းကျန်းမာမာရှိနေသည်ကို တွေ့ရှိရသည်ဟု သတင်းရရှိကြောင်း။

ဝန်ထောက်မင်းသည် ထိုသတင်းစာကို နှမဖြစ်သူနှင့် သမီးဖြစ်သူအား ပြလေ၏။

“သူဌေးဦးအံ့ကြီးခြံဆိုတာ။ ဘယ်ဟာပါလိမ့်ဖေဖေ”.

“ခြံတွေအများကြီးပဲ၊သူဌေး ဦးအံ့ကြီးခြံရယ်လို့ ဖေဖေသတိမထားမိဘူး။ ဖေဖေလည်းကြားဘူးတာပဲ။ ဒီသူဌေးလည်း နာမည်သာရှိပါတော့တယ်။ ပျက်စီးသွားရာပါပြီ”

“ဒီလိုဖြင့် ကျွန်မတို့ ကြို့ကုန်းမှာ ထင်ရှားတဲ့ပုဂ္ဂိုလ် တစ်ယောက်

mgyoe.com

mgyoe.com

ရောက်နေတာပေါ့"

ကြယ်။ အဲဒီသူငယ်ဟာ လူချောလူလှတဲ့၊ သူ့မိဘထားပစ်ခဲ့တဲ့ အမွေသိန်းသုံးဆယ်ကျော်ရှိသတဲ့။ သူကတော့ ဥရောပတိုင်း အမေရိကတိုင်းသွားပြီး အတတ်ပညာတွေကိုချည့် သင်နေတာပဲတဲ့။

"သမီးဒီသူငယ်ကို တခါမျှ မမြင်ဖူးသေးဘူးလား"

"ကျွန်မဘယ်မြင်ရမလဲ"

(အရီး) "ဒါမျိုးကိုမမြင်ပါဘူး၊ မောင်ကြီးသမီးက ပွဲစားလောက်သူဌေးလောက်ကို ဖုတ်လေတဲ့ ငပိရှိတယ်လို့မှ မအောက်မေ့ဘူး။ စိတ်က အင်မတန်အထက်ကျတာ စာရေးမှမက်မှာဟု ငေါ့ကာပြောပြီးကလွန်ရွလုပ်၍ နေလေ၏။ ထိုကလွန်ရွမှာမောတယ်။ အကျိုးမရှိဘူးဟူသော ကလွန်ရွမျိုးဖြစ်လေ၏။

ထိုအခိုက်တွင် ဖိတ်စာတစ်စောင်ရောက်၍ လာလေ၏။ ထိုဖိတ်စာမှာ ကြို့ကုန်း 'အိုင်စီဘေး(လ)'ခေါ် အိမ်မှ၊ မောင်ဖေထွန်းအမည်နှင့် အက်ထဟုမ်း ဖိတ်စာကိုရလေ၏။ ထိုအခိုက် ပွဲစားမောင်ထူးကားနှင့်ရောက်လာပြီးအရီးကြယ်နှင့် အိမ်ရှေ့ခန်းမှာ ကျယ်လောင်စွာ အရေးတကြီးပြောဆိုနေကြလေ၏။ ဦးနေကောင်းရဲ့လား ကမ္ဘာလှည့်တဲ့ မောင်ဖေထွန်းကဖိတ်လို့၊ မောင်ဖေထွန်းပျောက်နေလို့၊ မိတ်ဆွေတစ်စုနဲ့ ရှာလိုက်ရတာအခုမှမိတော့တာပါပဲ။ လိုက်ရှာတဲ့ကားချည်း ဆယ့်ခြောက်စင်း၊စုံထောက်တွေလွှတ်လိုက်တာပဲ မြို့တွင်းမြို့ပြင်အနှံ့ပါပဲ။ ဒီကြို့ကုန်းရောက်နေ မယ်လို့ဘယ်သူမှမတွေးမိဘဲကလား၊ ဟိုနေ့ကသတင်းစာတွေမှာ ယုန်တောင်ပြေး၊ ခွေးမြောက်လိုက် ဖြစ်နေကြတာသိရတာပဲ၊ ဒါထက်မြင့်မြင့်ကော အဒေါ်မြန်မြန်လုပ်ကြလေ၊ ဒီကားနဲ့ တစ်ခါတည်းသွားကြတာပေါ့။ အငြိမ့်ကောလိပ်စိန်တဲ့"

အရီးဖြစ်သူမှာ ပျာလောင်ခတ်၍နေလေ၏။ မြင့်မြင့်ကိုကျိတ်ကာနားချရလေ၏။ မြင့်မြင့်သည်ကား ထိုကားနှင့်မလိုက်လိုကြောင်း ငြင်းပယ်၍နေလေ၏။ နောက်ဆုံးမှ ဖခင်ဖြစ်သူပါကူညီ၍ ပြောမှလိုက်ပါ၍သွားရလေ၏။

mgyoe.com